# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 6 April 2025 ၁၁၇၈၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

## ဆက်သွယ်ရေးလမ်းကြောင်းများအားလုံး အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်

## နိုင်ငံတကာမှပေးပို့လာသည့် ကူညီထောက်ပံ့ရေးပစ္စည်းများကို လိုအပ်နေသူများထံ အမြန်ဆုံးဖြန့်ဝေပေးသွားရန်လိုအပ်

## ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ရာတွင် ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများ၊ ရသင့်ရထိုက်သူများရရှိစေရေး စနစ်တကျစာရင်းပြုစု

**နေပြည်တော် ဧပြီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီး များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ဦးညွှတ်ဂါရဝပြု**

အစည်းအဝေးမစတင်မီ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့် မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



**ယနေ့ ဖတ်စရာ**

**ယာယီရပ်တန့်ထားရသည့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့အား ပြန်လည်ဖွင့်လှစ်ပြီဖြစ်၍ ရထားခရီးစဉ်များနှင့် ပြည်တွင်းလေကြောင်းခရီးစဉ်များအား အများပြည်သူ သွားလာမှုအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ » ၁၄

**ပြည်ပနိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ**

စာမျက်နှာ » ၁၆

**သတိပြုဆောင်ရွက်ရတော့မည့် လုပ်ငန်းခွင်အပူဒဏ်အန္တရာယ်**

ဆောင်းပါး စာမျက်နှာ » ၂၀

ကြေးမုံ

# ရေရှည်ခိုင်မြဲသည့်အနာဂတ်ပုံဖော်ရန် အဖွဲ့ဝင်နိုင်ငံများနှင့် လက်တွဲဆောင်ရွက်

ဧပြီလ ၄ ရက်နေ့တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက် (BIMSTEC) ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင် သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်သွားနိုင်မည့်အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "သာယာဝပြောသည့် ဘင်းမ်စတက်ကို တည်ဆောက်ရာတွင် အခြားအရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တစ်ခုမှာ ဆက်သွယ်ချိတ်ဆက်မှု (Connectivity) ပင်ဖြစ်ကြောင်း၊ ဆက်သွယ်ချိတ်ဆက်မှုကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒေသတွင်းဆက်သွယ်ချိတ်ဆက်မှုကို မြှင့်တင်ပေးနိုင်မည့် ဘင်းမ်စတက်ပို့ဆောင်ဆက်သွယ်ရေး ပင်မစီမံကိန်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ဘင်းမ်စတက်ပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းတွင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းသည် ဒေသတွင်းဆက်သွယ်ချိတ်ဆက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ ဒေသတွင်း ရေကြောင်းဆက်သွယ်မှုများ၊ ကုန်သွယ်မှုများနှင့် ဆိပ်ကမ်းအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးနိုင်မည့် ပင်လယ်ရေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်နိုင်ခဲ့သည်။ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း သာယာဝပြောရေးအတွက် နောက်ထပ်အရေးကြီးသည့် မဏ္ဍိုင်တစ်ခုဖြစ်သည်။ ဘင်းမ်စတက်ဓာတ်အားလိုင်း အပြန်အလှန်ချိတ်ဆက်မှုဆိုင်ရာ ပင်မစီမံကိန်းကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် စွမ်းအင်အရင်းအမြစ်များကို ထိရောက်စွာမျှဝေအသုံးပြုနိုင်မည်ဖြစ်သကဲ့သို့ ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် စီးပွားရေးနှင့်နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း ဘင်းမ်စတက်သည် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ဘူတန်၊ နီပေါနှင့် ထိုင်းနိုင်ငံ ခြောက်နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်အစည်းအဝေးတွင် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်နိုင်ရေးကို ဆွေးနွေးခဲ့ကြသော်လည်း မြန်မာနိုင်ငံအနေဖြင့် ယခုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခြင်းနှင့် ခရီးစဉ်အတွင်း အစည်းအဝေးသို့တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဦးစားပေးဆွေးနွေးနိုင်ခဲ့သည်။

ဘင်းမ်စတက်ဒေသတွင်း၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါများနှင့် အခြားကြိုတင်မမြင်နိုင်သည့် အကျပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ထို့ကြောင့် အကျပ်အတည်းစီမံခန့်ခွဲမှု၊ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့အတွက် အစီအမံများကို ယခုထိပ်သီးအစည်းအဝေးမှတစ်ဆင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဘင်းမ်စတက်နှင့်ပူးပေါင်းဆောင်ရွက်ရန် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက စိတ်ဝင်စားမှုမြင့်တက်လာသည်ကို တွေ့ရသည်။ ဘင်းမ်စတက်၏စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များကို ရယူနိုင်ရန်အတွက် ရှိရင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် မိတ်ဖက်ဆက်ဆံရေးကို ထိန်းသိမ်းထားရန်၊ အလားအလာရှိသည့် မိတ်ဖက်ဆက်ဆံရေးများနှင့် ထိတွေ့ဆက်ဆံသွားရန်လိုအပ်သည်။

ထို့ပြင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်အစည်းအဝေးမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများ အမြင်ချင်းဖလှယ်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဘင်းမ်စတက်အဖွဲ့တည်ထောင်သည့် ဗန်ကောက်ကြေညာစာတမ်းတွင် မျှော်မှန်းချက်များ၊ ရည်ရွယ်ချက်များကို အတိအလင်းဖော်ပြထားပြီး အဆိုပါရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ နှစ်စဉ်ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှု၊ နည်းပညာ၊ လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ အခြေခံအဆောက်အအုံနှင့်ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး စီမံချက်များဖြင့် အဖွဲ့ဝင်နိုင်ငံများ လျင်မြန်စွာဖွံ့ဖြိုးမှုရရှိစေရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဖော်ဆောင်နိုင်ခဲ့ပြီး အားလုံးအတွက် သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်ပြီး ပွင့်လင်းမြင်သာရုံသာမက တရားမျှတ၍ သာတူညီမျှဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် အနာဂတ်ကို ပုံဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် နီးကပ်စွာလက်တွဲ လုပ်ဆောင်ရန် ခိုင်မာသောကတိကဝတ်ကို ထပ်လောင်းပြောကြားနိုင်ခဲ့ပါကြောင်း။ ။

## ငလျင်ကြောင့် ဆက်သွယ်မှုအခက်အခဲကြုံတွေ့နေရသည့် ပြည်သူများအား MPT က ဒေတာ၊ ကြိုက်နှစ်သက်ရာ ပြည်တွင်းဖုန်းခေါ်ဆိုမှုနှင့် MPT အချင်းချင်း စာတိုပေးပို့မှု ဒုတိယအကြိမ်အဖြစ် အခမဲ့ဝန်ဆောင်မှုပေး

ရန်ကုန် မေ ၅

ငလျင်ကြောင့် အခက်အခဲကြုံတွေ့နေရသည့်ဒေသရှိ ပြည်သူများအား MPT က ဒေတာ၊ ကြိုက်နှစ်သက်ရာ ပြည်တွင်းဖုန်းခေါ်ဆိုမှုနှင့် MPT အချင်းချင်း စာတို (SMS) ပေးပို့မှုတို့ကို ဒုတိယအကြိမ် အခမဲ့ဝန်ဆောင်မှုအဖြစ် ယနေ့တွင် စတင်အသုံးပြုနိုင်ကြောင်း ရန်ကုန်မြို့ MPT ရုံးမှ သိရသည်။




ဒုတိယအကြိမ်မြောက် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ငလျင်ဘေးဒဏ်ကြုံတွေ့နေရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား မိသားစုဝင်များနှင့် မိတ်ဆွေများ အဆက်အသွယ်မပြတ်ရရှိစေရန် MPT က အခမဲ့ဒေတာ 1GB၊ ကြိုက်နှစ်သက်ရာ ပြည်တွင်းဖုန်းများသို့ခေါ်ဆိုခွင့် မိနစ် ၁၀၀၊ MPT အချင်းချင်းဖုန်းခေါ်ဆိုခွင့် မိနစ် ၇၀၀ နှင့် စာတိုပေးပို့ခွင့်(SMS) အစောင် ၇၀၀ တို့ကို မေ ၅ ရက်မှ ၁၁ ရက်အထိ အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးထားပြီး ငလျင်ဒဏ်သင့်ဒေသတို့တွင်လည်း လျှုဒါန်းလျက်ရှိကာ တယ်လီဖုန်းခေါ်ဆိုခြင်း ဝန်ဆောင်မှုအခက်အခဲများကိုလည်း အမြန်ဆုံးပြန်လည် ကောင်းမွန်လာစေရန် ဆောင်ရွက်နေကြောင်း သိရသည်။

**အောင်သန်းဦး**

## အော်ပရေတာများအားလုံး စာတိုပေးပို့မှုများကို မေ ၁၁ ရက်အထိ ထပ်တိုး၍အခမဲ့ဆောင်ရွက်

နေပြည်တော် မေ ၅

ငလျင်ဒဏ်သင့်ဒေသများရှိပြည်သူများဆက်သွယ်မှုအဆင်ပြေစေရန် စာတိုပေးပို့မှုများကို ဧပြီလ ၅ ရက်အထိ အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးထားကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ MPT၊ ATOM၊ MYTEL၊ OOREDOO စသည့် အော်ပရေတာများအားလုံးက ငလျင်ဒဏ်သင့်ဒေသများရှိပြည်သူများ ဆက်သွယ်မှုအဆင်ပြေစေရန် စာတိုပေးပို့မှုများကို မေ ၁၁ ရက်အထိ ထပ်တိုး၍အခမဲ့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။

**သတင်းစဉ်**

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၅

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

မေ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

မေ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍ အချပ်ပိုကို မေ ၁၇ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာ အချပ်ပိုကို မေ ၂၀ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလ ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက် ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၂၂ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

■

## ၅ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၆၁၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ


| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Haji Hasan နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa တို့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Haji Hasan နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa တို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဒေါက်တာ စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၌ ပြင်းထန်လျှော်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ချိန်တွင် ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့မှုနှင့် ကူညီကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့ပေးခဲ့သည့်အခြေအနေများ၊ လာရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် အတူ ကူညီကယ်ဆယ်မှုများကို ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လျှော်ဒဏ်သင့်ဒေသများ၌ အသေးစားခွဲစိတ်မှုများ ဆောင်ရွက်နိုင်သည့် ရွှေ့လျားဆေးရုံများ ဆောင်ရွက်ပေးမည့် အခြေအနေများ၊ လျှော်ဒဏ်သင့်ဒေသများ၌ အစားအသောက်များ၊ တစ်ကိုယ်ရေသုံး ပစ္စည်းများ လိုအပ်လျက်ရှိမှုနှင့် အပျက်အစီးများဖယ်ရှားရေးအတွက် စက်ကိရိယာပစ္စည်းများ လိုအပ်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ **အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လျှော်ဒဏ်သင့်ဒေသများ၌ အသေးစားခွဲစိတ်မှုများ ဆောင်ရွက်နိုင်သည့် ရွှေ့လျားဆေးရုံများ ဆောင်ရွက်ပေးမည့်အခြေအနေများ၊ လျှော်ဒဏ်သင့်ဒေသများ၌ အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ လိုအပ်လျက်ရှိမှုနှင့် အပျက်အစီးများဖယ်ရှားရေးအတွက် စက်ကိရိယာပစ္စည်းများ လိုအပ်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Haji Hasan အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နောင်တွင် ဆောက်လုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများအနေဖြင့် မြို့နယ်နှင့် ခရိုင်များအလိုက် ဖွဲ့စည်းပေးထားသည့်ကော်မတီများနှင့် ပူးပေါင်း၍ အဆောက်အအုံဆောက်လုပ်မှုများကို စနစ်တကျကြပ်မတ်စိစစ်မှုများ ဆောင်ရွက်

☆ ရှေ့ဖုံးမှ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတက်ရောက်လာကြသူများ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့်မြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုကြစဉ်။

**ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှု**

ထို့နောက် အစည်းအဝေးကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးဖြစ်သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များပါ တက်ရောက်သည့် အထူးအစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် မတ် ၂၈ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရစ်(ချ်)တာစကေး ၇ ဒသမ ၇ ရှိသည့် အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၁၀၀ အတွင်း ယခုကဲ့သို့ပြင်းထန်သည့် ငလျင်ဖြစ်ပေါ်ခဲ့မှုမှာ ရစ်(ချ်)တာစကေး ၆ နှင့်အထက် လှုပ်ခတ်မှု ၁၈ ကြိမ်ရှိပြီး ယခုလှုပ်ခတ်မှုသည် ဒုတိယအပြင်းထန်ဆုံးဖြစ်ကြောင်း၊ ၁၉၁၂ ခုနှစ်၌ ပြင်ဦးလွင်မြို့တွင် ရစ်(ချ်)တာစကေး ၈ အထိ လှုပ်ခတ်ခဲ့သည့်ငလျင်သည် အပြင်းထန်ဆုံးဖြစ်ခဲ့ကြောင်း၊ မတ် ၂၈ ရက်တွင် ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့ချိန်သည် နေ့ခင်းဘက်ဖြစ်ခြင်းကြောင့် လူအများထိခိုက် မှုလျော့နည်းခဲ့ခြင်းမှာ အဆိုးထဲမှအကောင်းပင်ဖြစ်ကြောင်း၊ ညဘက်အချိန်တွင်သာ လှုပ်ခတ်မှုဖြစ်ပေါ်ခဲ့ပါက ထိခိုက်ဒဏ်ရာရမှုများမှာ မတွေးဝံ့စရာပင်ဖြစ်ကြောင်း။

ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ယခုအချိန်အထိ သေဆုံးသူ ၃၄၅၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၄၀၊ ပျောက်ဆုံးနေသူ ၂၁၄ ဦး စုစုပေါင်း ၈၆၀၀ ကျော်ခန့် ထိခိုက်သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အသေးစိတ်စာရင်းမရရှိသေးသော်လည်း အဆောက်အအုံပေါင်း ၅၂၂၃ လုံး၊ စာသင်ကျောင်းပေါင်း ၁၈၂၄ ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက် ၂၇၅၂ ကျောင်း ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ ဘုရားစေတီပေါင်း ၄၈၁၇ ခု ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ ဆေးရုံ ဆေးခန်း ၁၆၇ ခုပျက်စီးခြင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေးသွား ရထားလမ်းနှင့် ကားလမ်းများ ပျက်စီးခြင်းနှင့် အချို့ဘူတာများတွင် ပျက်စီးမှုများဖြစ်ပေါ်ခြင်း၊ တံတား ၁၆၉ စင်း ပျက်စီးခြင်း၊ ဆည်မြောင်းတမံ ၁၉၈ ခု ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခြင်း၊ အမြန်လမ်းမကြီးတစ်လျှောက် အပိုင်း ၁၈၄ ခု ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများ များပြားကြောင်း။

**အဆောက်အအုံများ ဆောက်လုပ်ရာတွင် ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်မှသာ နောင်ကာလအချိန်များတွင် အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်**

အဆောက်အအုံများ ပျက်စီးမှုများကြောင့် သေဆုံးမှုများရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပြန်လည်၍ လေ့လာကြည့်သည့်အခါ ယခုဖြစ်ပေါ်ခဲ့သည့် သင်ခန်းစာသည် အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရသည့်ဆုံးရှုံးမှုဖြစ်ပြီး ကြီးမားသည့်သင်ခန်းစာတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ငလျင်နှင့်ပတ်သက်ပြီး အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ဒဏ်ကိုခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေး အင်ဂျင်နီယာပိုင်းဆိုင်ရာများကို စနစ်တကျစိစစ်တည်ဆောက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စစ်ကိုင်းပြတ်ရွေ့ကြောကြီးအပေါ်တွင် တည်ရှိကြောင်း၊ အဆိုပါပြတ်ရွေ့ကြောကြီး၏ ပွတ်တိုက်ရွေ့လျားမှုကြောင့် ပြင်းထန်သည့်ငလျင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ဆက်တွဲ ငလျင်ငယ်လေးများ ဆက်လက်လှုပ်ခတ်လျက်ရှိပြီး ယခုအချိန်အထိ ၇၉ ကြိမ်ရှိပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရစ်(ချ်)တာစကေး ၆ နှင့် ၇ ပတ်ဝန်းကျင် လှုပ်လေ့လှုပ်ထရှိပြီး အမြင့်ဆုံးမှာ ရစ်(ချ်)တာစကေး ၈ အထိအမြင့်ဆုံးလှုပ်ခတ်ခဲ့သဖြင့် မိမိတို့အနေဖြင့် ငလျင်သက်ရောက်သည့် ဒေသတွင်ရှိသည့် ဒေသများ၌ အဆောက်အအုံများဆောက်လုပ်ရာတွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်ရန်လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ခိုင်ခံ့မှုကို အလေးမထားသည့်အတွက် မလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများ ပိုမိုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ မျက်မြင်စစ်ဆေးချက်များအရ အချို့အဆောက်အအုံများ ဆောက်လုပ်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုများမရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထိုသို့သတ်မှတ်ချက်နှင့် မညီညွတ်ဘဲ ဆောင်ရွက်ထားသည်များကို ပြန်လည်စိစစ်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံဆောက်လုပ်မှုနှင့်ပတ်သက်၍ နောင်တွင် ဆောက်လုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများအနေဖြင့် မြို့နယ်နှင့် ခရိုင်များအလိုက် ဖွဲ့စည်းပေးထားသည့် ကော်မတီများနှင့် ပူးပေါင်း၍ အဆောက်အအုံဆောက်လုပ်မှုများကို စနစ်တကျကြပ်မတ်စိစစ်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နောင်တွင် အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ပြီး မလိုလားအပ်သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အပိုင်းငါးပိုင်းဖြင့်ဆောင်ရွက်၊ အပျက်အစီးများရှင်းလင်းဖယ်ရှား**

ယခုအခါ ပြင်းထန်ငလျင်လှုပ်ခတ်ပြီး ၉ ရက်မြောက်နေ့သို့ ရောက်ရှိလာပြီဖြစ်ပြီး အပျက်အစီးများကို ရှင်းလင်းနေပြီဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှင်းလင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အပျက်အစီးများကို အမြန်ဆုံးရှင်းလင်းဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် ယာယီနေထိုင်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ၊ ယာယီဆေးရုံများ လုံလောက်စွာရရှိစေရေးအတွက် မိမိအနေဖြင့် ပြည်ပနိုင်ငံများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း။

**လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိ**

ယခုအခါ လမ်းပန်းဆက်သွယ်ရေးများ အမြန်ဆုံးပြန်ပွင့်နိုင်ရန်လိုကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် မော်တော်ကားလမ်းများ၊ ရထားလမ်းများနှင့် တံတားများအား ပြန်လည်ပြင်ဆင်လျက်ရှိကြောင်း၊ အလားတူ ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည့် စစ်ကိုင်းတံတားအား ပြန်လည်ပြင်ဆင်၍ ရထားပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံတစ်ခုကလည်း ကူညီဆောင်ရွက်ပေးမည်ဟု ကနဦးသိရှိထားကြောင်း၊ အဆိုပါစစ်ကိုင်းတံတားသည် အထက်မြန်မာပြည်သို့ သွားရောက်သည့် ရထားလမ်းပိုင်းတွင် အဓိကကျကြောင်း၊ ထို့ကြောင့် ရထားသွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရတနာပုံတံတားသည်လည်း မူလီများပြုတ်ထွက်ပြီး အန္တရာယ်ရှိသည့် အခြေအနေဖြစ်သည်ကို တွေ့ရှိရကြောင်း၊ တံတားများမှသွားလာနိုင်ရေး အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ငလျင်ဒဏ်သင့်ပြည်သူများ၏ ယာယီနေထိုင်မှု အဆင်ပြေစေရေးနှင့် မိုးမကျမီ ယာယီအဆောက်အအုံများ၌ ကောင်းမွန်စွာနေထိုင်နိုင်ရေး**

ငလျင်ဒဏ်ကြောင့် လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် လူအများစုမှာ အဆောက်အအုံများ၏ ပြင်ပတွင်နေထိုင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယာယီနေထိုင်မှုများ အဆင်ပြေစေရေး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိယာယီတဲများအားလုံးကို ထုတ်ယူသုံးစွဲရန် မိမိအနေဖြင့် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝမ်းရောဂါများ မဖြစ်ပွားစေရေးအတွက် သန့်ရှင်းရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ယာယီယင်လုံအိမ်သာများ တည်ဆောက်ပေးသွားရန် လိုအပ်သကဲ့သို့ ဝမ်းရောဂါကာကွယ်ဆေးနှင့် ကုသဆေးများကိုလည်း **စာမျက်နှာ ၅ သို့ ☆**

- **ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှင်းလင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိ၊ အပျက်အစီးများကို အမြန်ဆုံးရှင်းလင်းဆောင်ရွက်သွားနိုင်ရန်လို**
- **ငလျင်ဒဏ်သင့်ပြည်သူများအတွက် အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် ယာယီနေထိုင်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ၊ ယာယီဆေးရုံများ လုံလောက်စွာရရှိစေရေးအတွက် မိမိအနေဖြင့် ပြည်ပနိုင်ငံများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိ**






## ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် အမျိုးသားပြတိုက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

- **ငလျင်ဒဏ်ကြောင့် ထိခိုက်သေဆုံးခဲ့မှုများအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်သွားမည်၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပတ်သက်၍လည်း အဆောက်အအုံပျက်စီးမှုများအပေါ်မူတည်ပြီး နိုင်ငံတော်က ထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်**
- **ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့်လည်း မတော်လောဘများဖြင့် ဈေးနှုန်းများအဆမတန်မြှင့်တင်၍ ရောင်းချခြင်းများမရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လို**

☆ စာမျက်နှာ ၄ မှ

ဖြည့်ဆည်းဆောင်ရွက်ပေးထားရန် လိုကြောင်း၊ သန့်ရှင်းသည့်သောက်သုံးရေများရရှိစေရေး အတွက် မိမိတို့အနေဖြင့် ရေသန့်များ ဖြန့်ဝေပေးသကဲ့သို့ နိုင်ငံတကာမှ ရေသန့်စက်များရရှိစေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရေသန့်များ လုံလောက်စွာ မရရှိနိုင်သေးသည့်အချိန်တွင် ရေကို ကျိုချက်သောက်သုံးနိုင်ရေး ဆောင်ရွက်ပေးသွားရန်လည်းလိုကြောင်း၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများ နေထိုင်မှုအဆင်ပြေစေရေး နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ တာဝန်ရှိသူများကလည်း အလေးထားပြီး ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယာယီနေထိုင်သည့်အချိန်တွင်လည်း မိသားစုအလိုက် လုံခြုံမှုရှိစွာဖြင့် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဘက်ပေါင်းစုံမှစဉ်းစား၍ လိုအပ်သည်များအားလုံးကို စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုကြောင်း။

### စိတ်ပိုင်း ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့မှုများအား ကုသပေးနိုင်ရေး

ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် စိတ်ထိခိုက်ဒဏ်ရာရရှိခဲ့မှုများကိုလည်း လျှော့ချပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိဘများ၊ သားသမီးများနှင့် ဆွေမျိုးသားချင်းများ ဆုံးရှုံးခဲ့ရပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့မှုများကိုလည်း ဖျောင်းဖျအားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်းထန်သည့် ထိခိုက်ဒဏ်ရာရရှိပြီး ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ကြသူများကိုလည်း ကုသမှုများဆောင်ရွက်ပေးရာတွင် ပြန်လည်ထူထောင်ရေးအတွက် ခြေတုလက်တုများ တပ်ဆင်ပေးနိုင်သည်အထိ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိခိုက်ဒဏ်ရာများ လုံးဝပျောက်ကင်းသည်အထိ ကုသမှုများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြင်းထန်ငလျင်ဖြစ်ပွားပြီးချိန်တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး၌ ထိခိုက်ဒဏ်ရာများရရှိပြီး လာရောက်ကုသမှုလူနာများ များပြားခဲ့သည်ကိုတွေ့ရှိရခြင်းကြောင့် နေပြည်တော်တပ်မတော်ဆေးရုံကြီးသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်းနှင့် ရွှေကြာပင်ရပ်ကွက်ရှိ နေပြည်တော်အားကစားကွင်းတို့၌ ယာယီဆေးရုံများ ဖွင့်လှစ်ဆောင်ရွက်ပေးထားကြောင်း၊ ပြည်ပနိုင်ငံများမှ ဆေးကုသရေးအဖွဲ့များ အနေဖြင့်လည်း လာရောက်ကုသပေးလျက်ရှိကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့်လူနာများကို အမြန်ဆုံးကုသဆောင်ရွက်ပေးရန်လိုပြီး သက်သာပျောက်ကင်းသည်အထိ ကုသပေးရန်လိုကြောင်း။

### ပြန်လည်ထူထောင်ရေး

ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိုးရာသီကာလသို့မရောက်မီ ပြင်ဆင်ဆောက်လုပ်၍ရသည့် အဆောက်အအုံများကို အမြန်ပြန်လည်တည်ဆောက်သွားရန်လိုပြီး နိုင်ငံတော်ကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဘင်းမ်စတက်အစည်းအဝေးသို့ တက်ရောက်နေချိန်တွင်လည်း ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများရရှိစေရေး အကူအညီများ ပေးအပ်ရန်ပြောကြားခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြေစာရင်းပိုင်ဆိုင်မှုဆိုင်ရာ စာရင်းရှုပ်ထွေးမှုမရှိသည့်နေရာများတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက အဆောက်အအုံများ ပြန်လည်တည်ဆောက်သွားရန် လိုကြောင်း၊ မိုးရာသီမကျမီအချိန်အတွင်း ပြန်လည်ပြင်ဆင်ဆောက်လုပ်၍ရနိုင်သည့် အဆောက်အအုံများကို အမြန်ဆုံးပြန်လည်ဆောက်လုပ်သွားရန် လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အမြန်ဆုံးပြန်လည်ဆောင်ရွက်သွားကြရန် လိုကြောင်း။

အထပ်မြင့်နှင့် အခိုင်အမာအဆောက်အအုံများ ဆောက်လုပ်ရာတွင် အနည်းဆုံး ရစ်ချ်တာစကေး ၈ အထိခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ ယခင်ကတည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် ကွဲအက်မှုများဖြစ်ပေါ်ကာ စိတ်ချရမှုမရှိနိုင်ပါကလည်း အဆိုပါအဆောက်အအုံကို ဖျက်သိမ်းသွားရန်လိုကြောင်း၊ ယခုအချိန်တွင် ကြိုတင်ပြင်ဆင်၍ ဆောင်ရွက်ခဲ့မှုများသည် နောင်အနာဂတ်ကာလတွင် အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆောက်အအုံများ ခိုင်ခံ့စွာတည်ဆောက်ရေးအတွက် အားလုံးကအလေးထား ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အသေးစိတ်စစ်ဆေးပြီး ပြုပြင်ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်မှုများကို စနစ်တကျဖြင့် ပြုပြင်ခြင်းမပြုလုပ်ပါက နောင်တွင်ပြိုကျပျက်စီးသည်အထိ အန္တရာယ်ရှိကြောင်း၊ ဝန်ကြီးဌာနများအလိုက် ထိခိုက်ခဲ့သည့် အဆောက်အအုံများကိုလည်း ခိုင်ခံ့သည့်အဆောက်အအုံများဖြစ်အောင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

### စားရေး အခက်အခဲမဖြစ်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ရပ်တန့်မှုမရှိအောင် ဆောင်ရွက်ရန်လို

ငလျင်ဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကို ငလျင်ဒဏ်ထိခိုက်မှုမရှိခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စားရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏စားရေးအတွက် ပူပန်မှုမရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ထောက်ပံ့ပေးသွားမည်

ငလျင်ဒဏ်ကြောင့် ထိခိုက်သေဆုံးခဲ့မှုများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပတ်သက်၍လည်း အဆောက်အအုံပျက်စီးမှုများအပေါ်မူတည်ပြီး နိုင်ငံတော်က ထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့်လည်း မတော်လောဘများဖြင့် ဈေးနှုန်းများ အဆမတန်မြှင့်တင်၍ ရောင်းချခြင်းများ မရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

မကြာမီတွင် ရောက်ရှိတော့မည့် သင်္ကြန်ပွဲတော်နှင့်ပတ်သက်၍ အများသူငါ ပူဆွေးသောကရောက်နေသည့်အချိန်ဖြစ်သဖြင့် ယခင်နှစ်များကဲ့သို့ စည်စည်ကားကားနှင့် ပျော်ပျော်ပါးပါး လုပ်ဆောင်ရန် မသင့်လျော်သည့်အတွက် သင်္ကြန်ကာလကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အေးအေးချမ်းချမ်းဖြင့်သာ ဖြတ်သန်းသွားကြရန် အားလုံးကို အလေးထားမှာကြားလိုကြောင်း၊ ရိုးရာအစဉ်အလာနှင့်အညီ ရေပက်ကစားခြင်းများကိုသာ ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုအချိန်တွင် အရေးကြီးသည်မှာ လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ပြီးစီးစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအနေဖြင့်လည်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မိမိတို့၏ ဝန်ကြီးဌာနလက်အောက်ခံရုံးဌာနများသို့ သွားရောက်၍ ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားရန်လိုကြောင်း မှာကြားသည်။

### သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့်ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးဒဏ်နှင့် ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြရာတွင် အင်အားပြင်းငလျင်ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်းတွင် နောက်ဆက်တွဲငလျင်ငယ်များနှင့် ငလျင်ကြီးများဖြစ်ပေါ်လာနိုင်မှု၊ ထိခိုက်ပျက်စီးခဲ့ရသည့် ကားလမ်း၊ ရထားလမ်း၊ လေယာဉ်ပြေးလမ်းစသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ကယ်ဆယ်ရေးအဖွဲ့များ တင်ဆောင်လာသည့်လေယာဉ်များ ဆိုက်ရောက်မှု၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများအတွက် ယာယီရုံးအဆောက်အအုံနှင့် နေထိုင်ရန်နေရာများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ငလျင်ဒဏ်သင့်ပြည်သူများအနေဖြင့် မိုးမကျမီကာလအတွင်း ယာယီနေထိုင်နိုင်ရန်အတွက် Modular House များ စီစဉ်ဆောင်ရွက်ပေးနိုင်မှုနှင့် နိုင်ငံတကာနှင့် Rapid Assessment များ ဆောင်ရွက်သွားသင့်သည့် အခြေအနေများ၊ ပြန်လည်ပြုပြင်ရမည့်အဆောက်အအုံများ၊ လမ်းတံတားများကို ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ဖွဲ့စည်းထားသည့်ကော်မတီ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ တည်ဆောက်သွားရန်လိုအပ်မှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများအနက် အာမခံလုပ်ငန်းများ ဆောင်ရွက်ထားသည့် အဆောက်အအုံများအား အာမခံလျော်ကြေးငွေများရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိမှု၊ ကြုံတွေ့ခဲ့ရသည့် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ လေ့လာသုံးသပ်ချက် အစီရင်ခံစာတစ်ရပ် ပြုစုနိုင်ရေးဆောင်ရွက်သွားရန်လိုအပ်မှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် နိုင်ငံတကာနှင့် အဖွဲ့အစည်းအချို့တို့က အကူအညီများပေးအပ်နိုင်ရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ပုံရိပ်များနှင့် လိုအပ်သည့်အသိပညာပေးမှုများကို

စာမျက်နှာ ၆ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးပြောကြားစဉ်။

☆ စာမျက်နှာ ၅ မှ

နိုင်ငံပိုင်မီဒီယာလုပ်ငန်းများမှ ထုတ်လွှင့်ပြန်ကြားပေးလျက်ရှိမှု၊ ငလျင်ဘေးဒဏ်ဖြစ်ပွားမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ ပြန်လည်ဆယ်တင်မှုများ ဆောင်ရွက်နိုင်ရေး၊ မလိုလားအပ်သည့် ထိခိုက်ဆုံးရှုံးမှုများဆက်လက်မဖြစ်ပေါ်လာစေရေး လိုအပ်သည့်အသိပညာပေးမှုများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်နေသည့်နေရာများ၌ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ငလျင်ဘေးဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားပေးစနစ်များ ထိခိုက်ပျက်စီးခဲ့ရမှု၊ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားများကို ပုံမှန်အတိုင်း ပြန်လည်ပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ အရေးပေါ်ကျန်းမာရေးကူညီစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ပျက်စီးခဲ့ရသည့် ဆေးရုံများနှင့် ခွဲစိတ်ခန်းများအား အမြန်ဆုံးပြန်လည်ပြုပြင်သွားရန်လိုအပ်မှု၊ ငလျင်သဘာဝဘေးအလွန်၌ ကူးစက်ကပ်ရောဂါများ ဖြစ်ပေါ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာဒေသများအလိုက် သန့်ရှင်းရေးလုပ်ငန်းများနှင့် သန့်ရှင်းသည့် သောက်ရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များ၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ပညာရှင်များ၊ မြန်မာနိုင်ငံ ငလျင်ကော်မတီမှပညာရှင်များ၊ အထူးလုပ်ငန်းကော်မတီမှ ပညာရှင်များ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများအား ခေတ်မီစမ်းသပ်ကိရိယာများဖြင့် စစ်ဆေး၍ သာမန်ပြင်ဆင်နိုင်သည့် အဆောက်အအုံ၊ အကြီးစားပြင်ဆင်ရမည့် အဆောက်အအုံနှင့် ပြုပြင်၍မရဘဲ ဖယ်ရှားရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံများအဖြစ် ခွဲခြားသတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သော ပျက်စီးမှုများအား မှတ်တမ်းတင်ခြင်း၊ ညှိနှိုင်းသုံးသပ်ခြင်းနှင့် နောင်တွင် ဆောင်ရွက်ရမည့် နည်းလမ်းများ ဖော်ထုတ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာမှ ပေးပို့လာသည့် ကူညီထောက်ပံ့ရေးပစ္စည်းများအား စနစ်တကျစစ်ဆေးမှတ်တမ်းတင်၍ သက်ဆိုင်ရာဒေသအလိုက် အမြန်ဆုံးဖြန့်ဝေပေးလျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုနှင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများနှင့် နေရေး၊ စားရေး အဆင်ပြေစေရေး ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံ အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအနေဖြင့် ငလျင်ဒဏ်ဖြစ်ပေါ်ခဲ့သည့်နေ့မှစ၍ စတင်ဖွင့်လှစ်ခဲ့ပြီး လိုအပ်သည့် လုပ်ငန်းရပ်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြ၍ ညွှန်ကြားချက်များအရ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များကလည်း မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် အတူတကွ ပူးပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မည်သည့်အဖွဲ့အစည်းမဆို သီးခြားလွတ်လပ်စွာရပ်တည်၍ ဆောင်ရွက်ခွင့်မရှိဘဲ ကြိုတင်ခွင့်ပြုချက်တောင်းခံထားသည့် အဖွဲ့အစည်းများဖြစ်ရန်လိုပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှသာ ခွင့်ပြုပေးသွားမည်ဖြစ်သည်ကို မူဝါဒတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာနယ်မြေများသို့ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ NGO အဖွဲ့အစည်းများကို မိမိတို့ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှသာ ခွင့်ပြုပေးသွားရန်လိုကြောင်း၊ ငလျင်ဒဏ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မူဝါဒချမှတ်ထားသည့် ပျက်စီးသွားခဲ့သည့် အပျက်အစီးများကို မြန်မြန်ဆန်ဆန် သိမ်းဆည်းသွားရန်၊ ပြင်ဆင်သင့်၊ ပြင်ဆင်ထိုက်သည့် အဆောက်အအုံများကို ပြင်ဆင်သွားရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်ဟူသည့်လုပ်ငန်းစဉ်များအတိုင်း ငလျင်ဘေးဒဏ်ကို ဆက်လက်ကျော်ဖြတ်သွားရမည်ဖြစ်ကြောင်း။

ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအားလုံးကို မိုးမကျမီယာယီအမိုးအကာအောက်သို့ ရောက်ရှိစေရေး ဆောင်ရွက်ပေးသွားရန်လိုသဖြင့် ဦးစားပေးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အလားတူ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် စာသင်ကျောင်းများအစား ယာယီကျောင်း အဆောက်အအုံများဖြင့် ဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်လှူဒါန်းရာတွင် သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များထံသို့ သတင်းပေးပို့မှုမရှိဘဲ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းများသည် မလိုလားအပ်သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်လာနိုင်သဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ ကောလာဟလသတင်းများ၊ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်၍ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရေး၊ ပြည်သူလူထုမှ အစိုးရအပေါ် အယုံအကြည်ကင်းမဲ့စေရေး ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ဝေနေမှုများနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ သတင်းပေးပို့သွားကြရန် လိုပြီး မိမိတို့အနေဖြင့် လိုအပ်သည့်ဖြေရှင်းမှုများကို အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

## ဖြည့်စွက်ဆွေးနွေးမှာကြား

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်သွယ်ရေးလမ်းကြောင်းများအားလုံး အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပအကူအညီများနှင့် ပတ်သက်၍ ဘေးဒဏ်သင့်ဒေသများတွင် အမှန်တကယ်အကူအညီများ ပေးအပ်လိုသည့်အဖွဲ့အစည်းများရှိသကဲ့သို့ ငလျင်ဘေးဒဏ်ကို အကြောင်းပြ၍ အပြုသဘောမဆောင်သည့် ဝင်ရောက်လာမှုများလည်း ရှိနိုင်သဖြင့် စနစ်တကျစိစစ်၍ လက်ခံသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှပေးပို့လာသည့် ကူညီထောက်ပံ့ရေးပစ္စည်းများကို လိုအပ်နေသူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ရာတွင်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

လည်း ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအားလုံး၊ ရသင့်ရထိုက်သူများအားလုံးရရှိစေရေး စနစ်တကျစာရင်းပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ စာရင်းများ မထပ်စေရေးနှင့် ကျန်နေခဲ့ရသူများ မရှိစေရေး မျှမျှတတဖြစ်စေရေး တာဝန်ရှိသူများအားလုံးက ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ငလျင်သဘာဝဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများတွင် ခြေလက်အင်္ဂါဆုံးရှုံးခဲ့ရသူများအား စနစ်တကျမှတ်တမ်းပြုစုထားရှိရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အဆောက်အအုံများ ဆောက်လုပ်ရာတွင် သပ်သပ်ရပ်ရပ်ဖြင့် ခိုင်ခိုင်ခံ့ခံ့ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုရားကျောင်းကန်များကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ဘုန်းတော်ကြီးကျောင်းများနှင့် ဗလီများကိုလည်း ယခင်ခွင့်ပြုထားသည့်အတိုင်း တည်ဆောက်ခွင့်ပြုရန်လိုကြောင်း၊ အလားတူခရစ်ယာန်ကျောင်းများ ပျက်စီးမှုများရှိပါကလည်း ဘာသာရေးနှင့်ပတ်သက်သည့် အဆောက်အအုံများကို စနစ်တကျဖြင့်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ စာသင်ကျောင်းများနှင့်ပတ်သက်၍ မူလတန်းကျောင်းများကို ကျောင်းဖွင့်ရာသီအမီ အမြန်ဆုံးပြန်လည်ပြင်ဆင်၍ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြင်ဆင်ရန်မမီပါက ယာယီကျောင်းဆောင်များ ဆောက်လုပ်ပေးရန်လိုကြောင်း၊ အဓိကအားဖြင့် ကျောင်းသား ကျောင်းသူများကျောင်းတက်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိသွားရန်လိုကြောင်း၊ ခွင့်ပြုချက်မရရှိဘဲ ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်မှု မရှိစေရေးအတွက်လည်း တာဝန်ရှိသူများက စနစ်တကျစိစစ်ဆောင်ရွက်နေရန်လိုကြောင်း။

အချက်အလက်များ ကောက်ယူခြင်းနှင့်ပတ်သက်၍ မှန်ကန်မှုရှိစေရေး စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကပိုင်စက်ရုံများ အမြန်ပြန်လည်လည်ပတ်နိုင်ရေးနှင့် MSME လုပ်ငန်းများ အမြန်ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လမ်းတံတားများ ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင်လည်း အင်ဂျင်နီယာပညာရပ်နှင့်အညီ သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ "အစကောင်းမှ အနှောင်းသေချာ" ဆိုသည့်အတိုင်း စတင်ဆောက်လုပ်စဉ်ကတည်းက ကောင်းမွန်ခိုင်ခံ့အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ထမ်းအိမ်ရာများနှင့်ပတ်သက်၍ အသစ်ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြန်လည်တည်ဆောက်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီ ခိုင်ခံ့အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများတည်ဆောက်ရာတွင် ပေါ့ပေါ့တန်တန်ဆောင်ရွက်ခဲ့မှုများကြောင့် မလိုလားအပ်သည့် လူ့အသက်ဆုံးရှုံးမှုများစွာပေးဆပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကိုယ့်အကျိုးအမြတ်တစ်ခုတည်းကို အဓိကမကြည့်ဘဲ သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နောင်တည်ဆောက်မည့်လုပ်ငန်းများတွင် SOP များ ရေးဆွဲထုတ်ပြန်၍ စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နောင်တစ်ချိန်၌ ကြီးမားသောဆုံးရှုံးမှုများမဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ အမျိုးသားပြတိုက်သို့သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပျက်စီးမှုများဖြစ်ပေါ်နေသည့် နေရာများမှ ပစ္စည်းများအား စနစ်တကျရွှေ့ပြောင်းသွားရန်လိုကြောင်း၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများအား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များနှင့် စနစ်တကျစစ်ဆေးပြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်နေချိန်အတွင်း ပြတိုက်အတွင်းသို့ ဝင်ရောက်မှုများကို စနစ်တကျ မှတ်တမ်းတင်၍ ဘေးအန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အမျိုးသားစာကြည့်တိုက်ရှိ ပျက်စီးမှုများကိုလည်း တာဝန်ရှိသူများအနေဖြင့် စစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

★ **စာသင်ကျောင်းများနှင့်ပတ်သက်၍ မူလတန်းကျောင်းများကို ကျောင်းဖွင့်ရာသီအမီ အမြန်ဆုံးပြန်လည်ပြင်ဆင်၍ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နိုင်ရန်လို၊ ပြင်ဆင်ရန်မမီပါက ယာယီကျောင်းဆောင်များ ဆောက်လုပ်ပေးရန်လို၊**

★ **အဓိကအားဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိသွားရန်လို၊ ခွင့်ပြုချက်မရရှိဘဲ ပုဂ္ဂလိကကျောင်းများဖွင့်လှစ်မှု မရှိစေရေးအတွက်လည်း တာဝန်ရှိသူများက စနစ်တကျစိစစ်ဆောင်ရွက်**

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

နေပြည်တော် ဧပြီ ၅

မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နီပေါတပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Ashok Raj Sigdel ကလည်းကောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် H.E. Mr. Nurlan Yermekbayev ကလည်းကောင်း၊ အစ်ဆွာတီးနီနိုင်ငံ ဝန်ကြီးချုပ် H.E. Russell Mmiso Dlamini ကလည်းကောင်း၊ သီရိလင်္ကာနိုင်ငံ စိယံနိကာယ မာလ်ဝတ္တာဂိုဏ်း (Malwatta Chapter) ၏ မဟာနာယကဆရာတော် Ven. Tibbatuwawe Sri Siddharatha Sumangala Mahanayaka Maha Thero နှင့် စိယံနိကာယအစ်ဂိရိဂိုဏ်း (Asgiriya Chapter) ၏ မဟာနာယက ဆရာတော် Van. Warakagoda Dhammasiddhi Sri Gnanarathana Mahanayaka Naha Thero တို့ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါ သဝဏ်လွှာများတွင် မကြာသေးခင်ကဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည့်အတွက် မိမိတို့အနေဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာတော်အဖွဲ့အစည်းများနှင့် ငလျင်ဒဏ်ခံစားရသူများအားလုံးနှင့်အတူ ရှိနေပါကြောင်း၊ မြန်မာပြည်သူများ၏ ပူဆွေးသောကကို စာနာနားလည်ပါကြောင်း၊ မြန်မာပြည်သူများ ခံနိုင်ရည်ရှိစွာဖြင့် ခက်ခဲသောကာလမှ အမြန်ဆုံးကျော်ဖြတ်နိုင်ပါစေကြောင်း၊ ကျန်ရစ်သူများအနေဖြင့် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းမှုတို့ဖြင့် မိမိတို့ဘဝများကို ပြန်လည်တည်ဆောက်နိုင်ပါစေဟု ဆုတောင်းအပ်ပါကြောင်း၊ ဘုရား၏ အဆုံးအမများနှင့် ကရုဏာတရား၊ မေတ္တာတရားများဖြင့် စိတ်သက်သာမှုရရှိကာ အမြန်ဆုံးပြန်လည်ကုစားနိုင်ကြပါစေကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သားများအနေဖြင့် အရာခပ်သိမ်းမမြဲခြင်းဟူသည့် အမှန်တရားကို နားလည်ထားပါကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသည့် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအဓွန့်ရှည် တည်မြဲရေးအတွက် ကြီးမားစွာ ပံ့ပိုးကူညီလျက်ရှိသည်ကို ကမ္ဘာတစ်ဝန်းက ထာဝရကျေးဇူးတင် ဂုဏ်ပြုလျက်ရှိပါကြောင်း၊ အသက်ဆုံးရှုံးမှုများနှင့် များစွာသောပျက်စီးဆုံးရှုံးမှုများကို သိရှိရသည့်အတွက် အလွန်ပင်ကြေကွဲဝမ်းနည်းရပါကြောင်း၊ ထိခိုက်ခံစားရသည့် မိသားစုဝင်များကို စာနာထောက်ထားကြောင်း၊ ထိခိုက်နစ်နာသူများအားလုံး လျင်မြန်စွာပြန်လည်ထူထောင်နိုင်ရေးအတွက် ဆုတောင်းပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသူများအားလုံး သဘာဝဘေးအန္တရာယ်၏ အကျိုးဆက်များကို ရင်ဆိုင်ကျော်လွှားဖယ်ရှားနိုင်သည့် ခွန်အားနှင့် သတ္တိရှိကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း တို့ဖြင့် အသီးသီးဖော်ပြထားကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**အဆွေတော်ခင်ဗျား**

မြန်မာနိုင်ငံတွင် မကြာသေးမီက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းထန်သော မြေငလျင်ဒဏ်ကြောင့် ပြည်သူများ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း ဖော်ပြအပ်ပါသည်။ မိမိတို့အနေဖြင့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား စာနာထောက်ထားကြောင်း ဖော်ပြလျက် ပြည်သူများအားလုံး အမြန်ဆုံးပြန်လည်ကောင်းမွန်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်အလေးထားလျက်ရှိပါကြောင်းလည်း ဖော်ပြအပ်ပါသည်။

**ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အတွင်းရေးမှူးချုပ်**
**Mr. Nurlan Yermekbayev**

---

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

မိမိအနေဖြင့် အစ်ဆွာတီးနီဘုရင့်နိုင်ငံ၊ ဘုရင်မင်းမြတ် ဆွာတီနှင့် မယ်တော်၊ အစ်ဆွာတီးနီနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာနိုင်ငံတွင် သောကြာနေ့က ဖြစ်ပွားခဲ့သော အင်အားပြင်းငလျင် လှုပ်ရှားခဲ့သည့်အတွက် လူပေါင်း ၁၇၀၀ ကျော်သေဆုံးမှုများနှင့် အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းအတွက် များစွာဝမ်းနည်း စိတ်မကောင်းဖြစ်မိရပါသည်။

ဝမ်းနည်းပူဆွေးသောကာလတွင် အစ်ဆွာတီးနီနိုင်ငံ ပြည်သူများသည် မြန်မာပြည်သူများနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ မိမိချစ်ခင်ရသူများ ဆုံးရှုံးခဲ့ရသော မိသားစုများအနေဖြင့် ဤကြီးမားသောဆုံးရှုံးမှုကြီးကို ဖြတ်သန်းနေချိန်တွင် မိမိကိုယ်စား စာနာထောက်ထားမှုကို ဖော်ပြအပ်ပြီး ဒဏ်ရာရရှိသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ရပ်ဆဲလ် မီဆို ဒလာမီနီ**
**အစ်ဆွာတီးနီဘုရင့်နိုင်ငံ၊ ဝန်ကြီးချုပ်**

---

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**အဆွေတော်**

မကြာသေးမီက မြန်မာနိုင်ငံ၌ ပျက်စီးဆုံးရှုံးမှုများပြားသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ မြန်မာပြည်သူများထံသို့ မိမိအနေဖြင့် အလွန်အမင်းဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် ၎င်းတို့၏ ချစ်ခင်ရသူများ ဆုံးရှုံးခဲ့သည့် ကျန်ရစ်သူမိသားစုဝင်များနှင့် ဒုက္ခရောက်သူများအားလုံးကို မိမိက စာနာထောက်ထားကြောင်း ဖော်ပြအပ်ပါသည်။ ယခုကဲ့သို့ စိန်ခေါ်မှုရှိသည့်အချိန်တွင် မြန်မာပြည်သူများ၏ ခွန်အားနှင့် ခံနိုင်ရည်ရှိမှုတို့သည် အမှန်တကယ်လေးစားအားကျဖွယ်ဖြစ်ပါသည်။

အဆွေတော်တို့အနေဖြင့် ခက်ခဲသည့်အချိန်ကို ဖြတ်ကျော်ရာတွင် မိမိတို့အနေဖြင့် ဆုမွန်ကောင်းပို့သလျက်ရှိပါသည်။ မြန်မာပြည်သူများနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပြီး အနာဂတ်တွင် အဆွေတော်တို့လိုအပ်သည့် ခွန်အား၊ နှစ်သိမ့်အားပေးမှုနှင့် ပံ့ပိုးကူညီမှုများကို ရရှိမည်ဟု မိမိတို့မျှော်လင့်ပါသည်။

**ဗိုလ်ချုပ်ကြီး အာရှော့ ရတ် စစ်ဒယ်**

---

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ရှိ စိယံမဟာနိကာယ မာလ်ဝတ္တာဂိုဏ်းနှင့် အစ်ဂိရိဂိုဏ်း သံဃာတော်များသည် မြန်မာနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရမှုများကို ကြားသိရသည့်အတွက် လွန်စွာဝမ်းနည်းမိပါသည်။ ဤကြေကွဲဖွယ်ဖြစ်ရပ်ကြောင့် အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရပြီး မန္တလေးမြို့မတည်မငြိမ်ဖြစ်ခဲ့ရသည်ကို ကြားသိရပါသည်။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံလက်ရှိ ရင်ဆိုင်နေရသည့် အခက်အခဲများအပေါ် ဗုဒ္ဓဘာသာဝင်အသိုက်အဝန်းတစ်ရပ်လုံးကိုယ်စား ဝမ်းနည်းကြောင်း ပြောကြားလိုပါသည်။

ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအဓွန့်ရှည်တည်မြဲရေးအတွက် ကြီးမားစွာပံ့ပိုးကူညီလျက်ရှိသည်ကို ကမ္ဘာတစ်ဝန်းက ထာဝရကျေးဇူးတင် ဂုဏ်ပြုလျက်ရှိပါသည်။

လွန်ခဲ့သောလေးရာစုကတည်းက နှစ်နိုင်ငံအကြား ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနှင့် ဘာသာရေးဆိုင်ရာဆက်ဆံရေးစတင်ခဲ့ပါသည်။ မိမိတို့နှစ်နိုင်ငံအသီးသီးတွင် ဗုဒ္ဓဘာသာထွန်းကားမှု အားနည်းနေချိန်တွင်လည်း နှစ်နိုင်ငံလုံး၏နယ်မြေအသီးသီးတွင် ဗုဒ္ဓဘာသာပြန့်ပွားရေးကြိုးပမ်းရာ၌ နီးကပ်သောဆက်ဆံရေးရှိခဲ့ပါသည်။ သီရိလင်္ကာ ဗုဒ္ဓစွယ်တော်တိုက်နှင့် ပြည်သူများအတွက် လှူဒါန်းခဲ့ကြသော မြန်မာမဟာသံဃာများနှင့် အလှူရှင်များအား ကျေးဇူးတင်ရှိပါသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သားများအနေဖြင့် အရာခပ်သိမ်းမမြဲခြင်းဟူသည့် အမှန်တရားကို နားလည်ထားပါသည်။ ယင်းအမှန်တရားသည် အခိုက်အတန့်တိုင်းကို တန်ဖိုးထားရန်နှင့် ဒုက္ခများကြားတွင် အားအင်ရှိရန် အားပေးကူညီလျက်ရှိပါသည်။ အသစ်တစ်ဖန် ဖြစ်တည်ခြင်းနှင့် ပျက်စီးခြင်းသံသရာကို မိမိတို့ အသိအမှတ်ပြုပါသည်။ ခွန်အားနှင့်ခံနိုင်ရည်ရှိမှုကို ပြုစုပျိုးထောင်ခြင်းသည် ရှေ့ဆက်ရန် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။

ထို့ကြောင့် ကာလရှည်ကြာလျက်ရှိသော ကျောင်းတိုက်များအကြား ဆက်နွယ်မှုအရ မြန်မာပြည်သူများနှင့်အတူ မိမိတို့ရပ်တည်လျက်ရှိပါသည်။ ဤဝမ်းနည်းဖွယ်အချိန်ကာလတွင် မိမိတို့သည် ထိခိုက်ခံစားရသူများအတွက် ပံ့ပိုးကူညီသွားရန် သန္နိဋ္ဌာန်ချထားပါသည်။

ဤဖြစ်ရပ်ဆိုးကြောင့် ကွယ်လွန်သူအပေါင်း နိဗ္ဗာန်ချမ်းသာကို ရကြပါစေကြောင်းနှင့် ချစ်ခင်ရသူများကို ဆုံးရှုံးခဲ့ရသူများနှင့် ဒဏ်ရာရသူများသည် ယခုခံစားရသည့်ဝေဒနာကို ကြံ့ကြံ့ခံကျော်လွှားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အလေးနက်ဆုံးစာနာထောက်ထားမှုနှင့်အတူ အစဉ်အားပေးလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။**

**မဟာနာယကဆရာတော် သီဝကတုဝဂ္ဂီ သီရိသိဒ္ဓတ္ထ သုမင်္ဂလ စိယံနိကာယ**
**မာလ်ဝတ္တာဂိုဏ်းချုပ်ဆရာတော်**
**ကန္ဒီမြို့၊ သီရိလင်္ကာနိုင်ငံ**

**မဟာနာယကဆရာတော် ဝရကာဂေါဒ ဓမ္မသိဒ္ဓိ သီရိဉာဏရတန**
**စိယံနိကာယ အစ်ဂိရိဂိုဏ်းချုပ်ဆရာတော်**
**ကန္ဒီမြို့၊ သီရိလင်္ကာနိုင်ငံ**

○ ကျောဖုံးမှ

အခမ်းအနားသို့ ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဦးညွှတ်ဂါရဝပြု**

ဦးစွာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများသည် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန် သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီး ဆုံးရှုံးမှုများအတွက်စာနာနားလည် မှုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်စွာရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကျေးဇူး တင်ဂုဏ်ပြုအမှာစကားပြောကြား ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်း နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် ဒေသများတွင် မတ် ၂၈ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်(ချ်)တာစကေး အဆင့်ရှိ အလွန်ပြင်းထန်သည့် ငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အသက် ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှု များ ဖြစ်ပေါ်ခဲ့ရကြောင်း၊ လှုပ်ခတ် ခဲ့သည့် နေရာအနေဖြင့် မန္တလေး မြို့၏ အရှေ့မြောက်ဘက် ကီလို မီတာ ၂၀ ခန့်အကွာတွင် ဗဟို ပြုပြီး မြေအောက် ၁၀ ကီလိုမီတာ အနက်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ် ကြောင်း၊ ၎င်းငလျင်နှင့်ဆက်စပ်၍




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ထိုင်းနိုင်ငံကယ်ဆယ်ရေးအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး တစ်ဦးချင်းကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှု များအနေဖြင့် ယနေ့အထိ ၇၉ ကြိမ် လှုပ်ခတ်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ အဆိုပါငလျင် လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအနေဖြင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် နေပြည်တော်တို့တွင် ပျက်စီးမှုများ များပြားခဲ့ပြီး လက်ရှိအချိန်အထိ စာရင်းများအရ ၃၄၅၅ ဦး သေဆုံး ကြောင်းနှင့် ၄၈၄၀ ဒဏ်ရာရရှိပြီး ၂၁၄ ဦး ပျောက်ဆုံးနေကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အရေးပေါ်အခြေအနေ သတ်မှတ် ၍ နိုင်ငံတကာသို့ အကူအညီပေး ရေး ဖိတ်ခေါ်မှုများကို မတ် ၂၈ ရက် ညပိုင်းတွင် နိုင်ငံပိုင်ရုပ်သံများမှ တစ်ဆင့် ထုတ်လွှင့်ပြောကြားခဲ့ ကြောင်း။

ပြည်ထောင်စုနယ်မြေအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ၆၅၂ ဦး သေဆုံးခဲ့ပြီး ၈၅၃ ဦး ဒဏ်ရာရ၍ ကိုးဦး ပျောက်ဆုံးခဲ့ကြောင်း၊ အဆောက်အအုံပြိုကျမှုအနေဖြင့် လူနေအိမ် ၉၀၂ အိမ်၊ ဘုန်းတော်ကြီး ကျောင်း ၂၀၆ ကျောင်း၊ စာသင် ကျောင်း ၃၉ ကျောင်း၊ ဌာနဆိုင်ရာ ၁၉ ခု၊ တံတားတစ်စင်း၊ ဘုရား စေတီ ၂၉၃ ဆူနှင့်အခြားအဆောက် အအုံ ပြိုကျမှု ၂၇၅ လုံးတို့ ထိခိုက် ပျက်စီးခဲ့သည်ဟု စာရင်းဇယား များအရ ကနဦးသိရှိရကြောင်း၊ ထိုသို့ ဖြစ်ပေါ်ခဲ့သည့်အတွက် စာနာနားလည်မှုများနှင့် အတူ ထပ်တူခံစားလျက် နိုင်ငံတော် အဆင့် ဝမ်းနည်းခြင်းအထိမ်း အမှတ်နေ့ရက်အဖြစ် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ခုနစ်ရက် ကို သတ်မှတ်ကြေညာထားပြီး ထိုရက်များအတွင်း နိုင်ငံတော် အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူကြရန် ကြေညာခဲ့ပြီးဖြစ် ကြောင်း။

ထိုင်းနိုင်ငံအနေဖြင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ ဗိုလ်ချုပ် ခပ်ကျောင်ဆပ် ပူဖိုတောင် ဦးစီးသည့် ရှာဖွေ ကယ်ဆယ်ရေးအဖွဲ့ဝင် ၅၅ ဦး၊ ထိုင်းသံရုံးမှ တာဝန်ရှိသူ ငါးဦး စုစုပေါင်း ၆၀ နှင့်အတူ အထောက် အကူပြုပစ္စည်းများ စုစုပေါင်း ကီလိုဂရမ် ၄၉၉၀ ပါဝင်သော C-130 လေယာဉ်ဖြင့် ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်မှ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၃၆ နာရီအတွင်း ဆဋ္ဌမမြောက် ဆိုက်ရောက် ကူညီပေးခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မတ် ၃၀ ရက်တွင် လေယာဉ် နှစ်စင်းဖြင့် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း စုစုပေါင်း ၄၃၇၂ ကီလိုဂရမ်၊ ဧပြီ ၁ ရက်တွင် လေယာဉ် နှစ်စင်းဖြင့် အစား အသောက်နှင့် အထွေထွေသုံး ပစ္စည်း ကီလိုဂရမ် ၂၄၀၀၊ ဧပြီ ၃ ရက်တွင် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း ကီလိုဂရမ် ၄၇၀၀ စုစုပေါင်း လေယာဉ် ငါးခေါက်ဖြင့် အစားအသောက်နှင့် အထွေထွေသုံးပစ္စည်း ၃၆၄၆၂ ကီလိုဂရမ်ကို ကူညီပို့ဆောင်ပေးခဲ့ ကြောင်း၊ နိုင်ငံအလိုက် အရေးပေါ် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်မှုအနေဖြင့် ယနေ့အထိ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ လာရောက် ကူညီမှုများတွင် ထိုင်းနိုင်ငံအနေဖြင့် အရေးပေါ် ကူညီထောက်ပံ့ပြီး နောက်ပိုင်း ၃၆ နာရီအတွင်း လာရောက် ကူညီပေးသည့် အိမ်နီးချင်းကောင်း နိုင်ငံဖြစ် ကြောင်း၊ ထို့အတွက်လည်း မြန်မာ နိုင်ငံအနေဖြင့် အထူးမှတ်တမ်း တင် ဂုဏ်ပြုပါကြောင်း၊ အဆိုပါ ထိုင်းနိုင်ငံ ကူညီကယ်ဆယ်ရေး အဖွဲ့သည် မတ် ၃၀ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး ထိုနေ့ညနေ ၃ နာရီ မှစ၍ ငလျင်ဒဏ်ကြောင့် ပြိုကျ ပျက်စီးလျက်ရှိသော အန္တရာယ်ရှိ အဆောက်အအုံများ၏အောက်ခြေ ၌ ပိတ်မိနေသူများ၏ အသက်ကို ကယ်ဆယ်နိုင်ရေး အတွက် အဆင့်မြင့် စက်ကိရိယာများဖြင့် စမ်းသပ်ရှာဖွေ ကယ်ဆယ်မှုများ ကို မတ် ၃၁ ရက် နံနက် ၄ နာရီ အထိ အစွမ်းကုန်ကြိုးပမ်းရှာဖွေ ကယ်ဆယ်ခဲ့သည့်အတွက် အထူး ပင် ကျေးဇူးတင်ရှိပါကြောင်း။

ထို့ပြင် အရေးပေါ်ဆေးကုသ ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဖယ်နူဝပ် ဦးဆောင်သော ၁၈ ဦး အဖွဲ့သည် ဇမ္ဗူသီရိ အထူးကု ဆေးရုံကြီးသို့ သွားရောက်ခဲ့ပြီး ဆေးရုံအုပ်ကြီးနှင့် တွေ့ဆုံကာ လူနာများနှင့် ပတ်သက်၍ အရေးပေါ် ဆေးကုသရေးဆိုင်ရာ လိုအပ်ချက်များကို တွေ့ဆုံ ဆွေးနွေး၍ ဒဏ်ရာရလူနာများကို လိုက်လံကြည့်ရှုအားပေးခြင်း၊ မတ် ၃၁ ရက်တွင် ပြိုကျပျက်စီး လျက်ရှိသော အဆောက်အအုံများ ၌ ရှာဖွေကယ်ဆယ်ရေးများ ထပ်မံ ကြိုးစား ဆောင်ရွက်ခဲ့မှုများ အတွက် မှတ်တမ်းတင်ဂုဏ်ပြု အပ်ပါကြောင်း၊ အဆိုပါနေ့မှာပင် အဆောင်အမှတ်(၂၃၈၆)နှင့်(၂၃၈၇) တို့အနီးရှိ မြေကွက်လပ်၌ Mobile Clinic ဖြင့် ဝန်ထမ်းမိသားစုနှင့် မှီခိုသူ ၃၆ ဦးတို့ကို ဆေးကုသပေး ခြင်း၊ ဧပြီ ၁ ရက်တွင် ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက်ရှိ ဓမ္မာရုံ၌ လည်းကောင်း၊ ဧပြီ ၂ ရက်တွင် လယ်ဝေးမြို့ အမှတ်(၆)ရပ်ကွက် ရှိ ဓမ္မာရုံ၌ လည်းကောင်း Mobile Clinic ဖြင့် ပြည်သူ ၁၇၅ ဦးအား ဆေးကုသပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသမှုအပြင် လယ်ဝေးမြို့ ပေါက်မြင်ပရိယတ္တိ စာသင်တိုက်နှင့် ဂျာမေဗလီ၊ အမှတ်(၃)ရပ်ကွက်ရှိ ဗုဒ္ဓရက္ခိတ ဘုန်းတော်ကြီးကျောင်းတို့တွင် လည်း စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ ခြင်းတို့အတွက် အထူးပင်ကျေးဇူး တင်ပါကြောင်း။

ထို့အပြင် သေဆုံးသွားသော လယ်ဝေးမြို့ အမှတ်(၆)ရပ်ကွက် နေ ဒေါ်ညို၏ မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးခြင်း၊ တပ်ကုန်းမြို့နယ် အတွင်း ငလျင်ဒဏ်ခံစားရသော မြောက်မြိုက်အရှေ့ကျေးရွာသို့ သွားရောက်၍ ရွာသူ ရွာသား ၈၄ ဦးအား ဆေးကုသမှုများနှင့် စားသောက်ဖွယ်ရာများ ကူညီ ထောက်ပံ့ပေးအပ်ခြင်း၊ ဇေယျာသီရိ မြို့နယ် ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအတွင်း၌ ရွာသူ ရွာသား ၁၅၆ ဦးအား ဆေးကုသမှု များ ဆောင်ရွက်ပေးခဲ့သည့်အပြင် စားသောက်ဖွယ်ရာများ ပေးအပ် ခြင်း၊ ငလျင်ဒဏ်ခံစားခဲ့ရသော ကျည်တောင်ကျေးရွာ၊ မွန်းတည့် ခွင်ကျေးရွာနှင့် စည်ပင်သာယာ ကျေးရွာတို့မှ ရွာသူ ရွာသားများ အား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းတို့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**အထူးကျေးဇူးတင်ရှိ**

ယခုကဲ့သို့ မြန်မာနိုင်ငံ၌ ကူညီ ကယ်ဆယ်မှုများ လာရောက် ဆောင်ရွက်ပေးနေချိန်တွင် ထိုင်း နိုင်ငံအတွင်း၌လည်း မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ၇ ဒသမ ၄ ရစ်(ချ်)တာစကေးရှိငလျင် လှုပ်ခတ်မှုကြောင့် ဗန်ကောက် မြို့တော် ဘန်ဆူးမြို့နယ်ရှိ တည်ဆောက်ဆဲ မြို့နယ်စာရင်း စစ်ရုံးအဆောက်အအုံ ပြိုကျမှု ဖြစ်စဉ်တွင် အလုပ်သမား ၁၁ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရ ကိုးဦးနှင့် ၇၆ ဦးခန့် ပျောက်ဆုံးလျက်ရှိခြင်း အတွက် ကယ်ဆယ်ရေးလုပ်ငန်း များ ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်ကြောင်းကိုလည်း ကြားသိရ ကြောင်း၊ အဆောက်အအုံပြိုကျမှု ကိုလည်း အွန်လိုင်းမှ ထိတ်လန့် တုန်လှုပ်ဖွယ်ရာ တွေ့ရှိရပါ ကြောင်း၊ ယခုကဲ့သို့ ထိုင်းနိုင်ငံ အတွင်းတွင် ဖြစ်စဉ်ဖြစ်ပွားနေ သော်လည်း မြန်မာနိုင်ငံကို စာနာစိတ်ဖြင့် လာရောက်ကူညီ ကယ်ဆယ်ပေးခြင်း အတွက် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ရာမဘုရင် Maha Vajiralongkorn၊ မိဖုရား Queen Suthida၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် Mrs. Paetongtarn Shinawatra၊ ထိုင်းနိုင်ငံ နိုင်ငံခြား ရေးဝန်ကြီး Mr. Maris Sangiam-pongsa၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် Gen. Songwit Noonpackdee၊ ထိုင်း ဘုရင့်ကြည်းတပ်ဦးစီးချုပ် Gen. Pana Klaewblaudtuk နှင့် မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံဆိုင်ရာ သံအမတ်ကြီး H. E. Mongkol Visitstump တို့ကိုလည်း အထူး ကျေးဇူးတင်ရှိပါကြောင်း၊ အထူး သဖြင့် မြန်မာနိုင်ငံသို့ အရေးပေါ် ကူညီကယ်ဆယ်ရေး စေလွှတ်ပေး သည့် ထိုင်းဝန်ကြီးချုပ် Mrs. Paetongtam Shinawatra ဦးစီး သည့် ထိုင်းနိုင်ငံအစိုးရအဖွဲ့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ထိုင်းဘုရင့် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီး ချုပ်တို့ကိုလည်း ထပ်မံ၍ ကျေးဇူး အထူးတင်ရှိပါကြောင်း ပြောကြား လိုကြောင်း။

စာမျက်နှာ ၉ သို့ »»

- ❖ **ထိုင်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အနေဖြင့်လည်း မြန်မာနိုင်ငံသို့ ရောက်ရှိနေချိန်အတွင်း အဆင်မပြေမှုများနှင့် အခက်အခဲများရှိပါက စာနာနားလည်မှုပေးစေလို**
- ❖ **မိမိတို့နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရချိန်တွင် အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံသားများအား ရှာဖွေကယ်ဆယ် ပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်း၊ စားသောက်ဖွယ်ရာ များ ပေးအပ်ခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့အတွက် မြန်မာနိုင်ငံသားများကိုယ်စားနှင့် အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား အထူးပင်ကျေးဇူးတင်ရှိ**




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ထိုင်းနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့ကိုယ်စားကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုအမှတ်တရ တံဆိပ်ပေးအပ်စဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ထိုင်းနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

»»» **စာမျက်နှာ ၈ မှ**

ထိုင်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ အနေဖြင့်လည်း မြန်မာနိုင်ငံသို့ ရောက်ရှိနေချိန်အတွင်း အဆင်မပြေမှုများနှင့် အခက်အခဲများရှိပါက စာနာနားလည်မှုပေးစေလိုကြောင်း၊ ယခုကဲ့သို့ မိမိတို့နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရချိန်တွင် အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံသားများအား ရှာဖွေကယ်ဆယ်ပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်း၊ စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့အတွက် မြန်မာနိုင်ငံသားများကိုယ်စားနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ထိုင်းနိုင်ငံကယ်ဆယ်ရေးအဖွဲ့ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုအမှတ်တရတံဆိပ် ပေးအပ်သည်။ ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ထိုင်းနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုအမှတ်တရ လက်ဆောင်များ ပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနား အပြီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ထိုင်းနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး တစ်ဦးချင်းကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရှာဖွေ ကယ်ဆယ်ရေး ဆောင်ရွက်မှု စံသတ်မှတ်ချက် (Assessment, Search & Rescue Level – ASR Level) များအနေဖြင့် အဆင့်(၁) ဘေးအန္တရာယ်ထိခိုက်ခံရသော ဧရိယာ၏ အခြေအနေ၊ တည်နေရာနှင့် အခြားဘေးအန္တရာယ်များ ထပ်မံဖြစ်ပွားနိုင်မှု ရှိ/မရှိ စိစစ်ခြင်း(Wide Area Assessment)၊ အဆင့်(၂) Wide Area Assessment ဆောင်ရွက်မှုမှ ရရှိသော သတင်းအချက်အလက်များအပေါ် မူတည်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မည့်အပိုင်းများ ပိုင်းခြားသတ်မှတ်ကာ ဘေးအန္တရာယ် လုံခြုံမှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆင့်(၃) ဘေးဒုက္ခရောက်ရှိသော မျက်မြင်လူနာများအား ဦးစားပေးအဆင့်အတန်းအလိုက် ကယ်ဆယ်ရွှေ့ထုတ်ခြင်း၊ ပိတ်မိနေသော လူနာများအား ရှာဖွေခြင်းနှင့် အသက်ကယ်ဆယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆင့် (၄) ပြိုကျပျက်စီးနေသော အဆောက်အအုံများအတွင်း ပိတ်မိနေသော လူနာများ ထပ်မံကျန်ရှိမှု ရှိ/မရှိ သေချာစေရန် ဧရိယာတစ်ခုလုံးအား ခေတ်မီနည်းပညာမြင့်ပစ္စည်းများ အသုံးပြုကာ ရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းနှင့် အဆင့်(၅) ရှာဖွေကယ်ဆယ်ရေး နောက်ဆုံးအဆင့် အနေဖြင့် လူအင်အားအသုံးပြုပြီး အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရှာဖွေခြင်း၊ ယာဉ်/ယန္တရားများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခြင်းတို့ဖြစ်ပြီး ထိုင်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ အနေဖြင့် ၎င်းတို့ တာဝန်ယူဆောင်ရွက်ရသည့် အဆောက်အအုံများတွင် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှု စံသတ်မှတ်ချက် အဆင့်(၄) (ASR Level 4) အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီး ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ အသစ်တစ်ဖွဲ့လည်း ထပ်မံလာရောက်မည်ဖြစ်သည့်အတွက် တာဝန်လဲလှယ်ထမ်းဆောင်ခြင်းဖြစ်ပြီး ယခုအခါ ၎င်းတို့၏ တာဝန်များပြီးဆုံး၍ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# UAE နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်

**နေပြည်တော် ဧပြီ ၅**

အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် မတ် ၂၈ ရက်တွင် နေပြည်တော်ရှိ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ရာတွင် ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အနေဖြင့် ၎င်းတို့၏ လုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ နည်းပညာရပ်များနှင့် ရှာဖွေကယ်ဆယ်ရေးခွေးများ စသည်တို့ကို တစ်ပါတည်းယူဆောင်ကာ မြန်မာနိုင်ငံရှိ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပိုမိုထိရောက်စွာ ပါဝင်ကူညီဆောင်ရွက်ခဲ့ရာ UAE နိုင်ငံမှလည်း ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၉ ဦး၊ ရှာဖွေကယ်ဆယ်ရေးခွေး ခုနစ်ကောင်တို့ဖြင့် မြန်မာနိုင်ငံသို့ လေယာဉ် ငါးစင်းဖြင့် ငါးသုတ်ခွဲ၍ မတ် ၃၁ ရက်တွင် ရန်ကုန်သို့ရောက်ရှိလာပြီး စုဖွဲ့ကာ ထို့မှတစ်ဆင့် နေပြည်တော်သို့ အဆိုပါနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရှေ့ပြေးအဖွဲ့များ ရောက်ရှိခဲ့ကြောင်း သိရသည်။

UAE နိုင်ငံ ရှာဖွေကယ်ဆယ်ရေး ရှေ့ပြေးအဖွဲ့သည် ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီခွဲမှစ၍ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်အတွင်းရှိ ဝန်ထမ်းနေအိမ်နှင့် ပင်လုံဆေးရုံတို့၌ ပျောက်ဆုံးလျက်ရှိသော ပိတ်မိ/ ပိမိလူနာများ ကျန်ရှိမှုအခြေအနေများကို ကြိုတင်လေ့လာကြည့်ရှုမှုများဆောင်ရွက်ခဲ့ပြီး ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ရောက်ရှိလာသော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ဆေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်လာသည့် ယာဉ်တန်း ရန်ကုန်မှ နေပြည်တော်ရှိ ၎င်းတို့ အခြေပြုသည့် Grand Amara Hotel သို့ရောက်ရှိပြီး ရှေ့ပြေးအဖွဲ့နှင့်စုဖွဲ့ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ Jade City Hotel ရှိ ငလျင်ဒဏ်ကြောင့် အဆောက်အအုံပြိုကျသေဆုံးသူ နှစ်ဦးအားလည်းကောင်း၊ ဧပြီ ၃ ရက်နှင့် ၄ ရက်တို့တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်း၍ နေပြည်တော် ဥတ္တရသီရိမြို့နယ် ပင်လုံဆေးရုံတွင် ပိတ်မိ/ပိမိနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၃ ရက်တွင် သေဆုံးသူ သုံးဦးအား လည်းကောင်း၊ ဧပြီ ၄ ရက်တွင် အဆိုပါဆေးရုံမှ ထပ်မံ၍ သေဆုံးသူ တစ်ဦးအား လည်းကောင်း ရှာဖွေထုတ်ယူနိုင်ခဲ့ရာ စုစုပေါင်း သေဆုံးသူ ခြောက်ဦးအား ရှာဖွေထုတ်ယူနိုင်ခဲ့သည်။



ထိုသို့ မြေငလျင်ဘေးအန္တရာယ်အတွက် လာရောက်ကူညီဆောင်ရွက်ပေးသည့် UAE နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များဖြင့် ကူညီဆောင်ရွက်ခဲ့မှုအပေါ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်ဦးဆောင်သောအဖွဲ့က ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန(နေပြည်တော်)၌ လက်ခံတွေ့ဆုံခဲ့ပြီး ဒုတိယဝန်ကြီးက UAE နိုင်ငံ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးထံ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ မြန်မာနိုင်ငံသို့လာရောက်

နေပြည်တော် မေ ၅

မြန်မာနိုင်ငံ အလယ်ပိုင်းကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သော အလွန်ပြင်းထန်သည့် ငလျင်ဘေးဒဏ် ထိခိုက်ခံစားခဲ့ရသည့် မြန်မာပြည်သူများနှင့် အတူတကွ ရပ်တည်ကြောင်းကို ပြသသည့် အနေဖြင့် ၂၀၂၅ ခုနှစ် အာဆီယံ ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှား နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Haji Hasan နှင့် ထိုင်းနိုင်ငံခြား ရေးဝန်ကြီး H.E. Mr. Maris Sangiampongsa တို့သည် နေပြည်တော်သို့ မေ ၅ ရက်တွင် ပူးတွဲခရီးစဉ်လာရောက်ခဲ့သည်။



ခရီးစဉ်အတွင်း နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ပူးတွဲအစည်းအဝေး တစ်ရပ်ပြုလုပ်ခဲ့သည်။ အစည်း အဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ က အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံ ဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှား နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံခြားရေး ဝန်ကြီးတို့ လာရောက်၍ မြန်မာပြည်သူများ အား ထောက်ထားစာနာမှုနှင့် အာဆီယံ၏ စည်းလုံးညီညွတ်မှုကို ပြသခဲ့သည့်အတွက် အထူး ကျေးဇူးတင်ရှိပါကြောင်း၊ ငလျင် ဒဏ်ခံစားခဲ့ရသည့် ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် အကူအညီများကို အချိန်နှင့် တစ်ပြေးညီ ပေးပို့စေလွှတ်ခဲ့သည့် အာဆီယံနိုင်ငံများ၏ လူသားချင်း စာနာမှု ဆောင်ရွက်ချက်များကို အထူး လေးစားမိပါကြောင်း၊ အရေးပေါ် ရှာဖွေကယ်ဆယ်ရေး ကာလလွန်ပြီးသည့် နောက်ပိုင်း တွင် ထိခိုက်ခံစားရသည့် ဒေသ များအတွက် ပြန်လည်ထူထောင် ရေးဆိုင်ရာ လိုအပ်ချက်များ ဖြစ်သည့် ရွှေ့လျားဆေးရုံများနှင့် ကျန်းမာရေး အထောက်အပံ့ ပစ္စည်းများ၊ ရေထောက်ပံ့မှုစနစ် များနှင့် ကယ်ဆယ်ရေးပစ္စည်းများ ကို ဆက်လက် ကူညီပံ့ပိုးပေးပါရန် အတွက်လည်း မေတ္တာရပ်ခံခဲ့သည်။

မလေးရှားနှင့် ထိုင်းနိုင်ငံခြား ရေးဝန်ကြီးတို့က အာဆီယံမိသားစု အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်သူ များနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိကြောင်း၊ ငလျင် ဒဏ်သင့်ဒေသများ၌ လိုအပ်ချက် များကို ဆက်လက်ပံ့ပိုးကူညီပေး မည်ဖြစ်ကြောင်း၊ အာဆီယံ ဘေးအန္တရာယ်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု အကူအညီ ညှိနှိုင်းရေးဗဟိုဌာန (AHA Centre) ၏ ပံ့ပိုးမှုဖြင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ၊ ကယ်ဆယ်ရေး လုပ်ငန်းများကို ထိရောက်စွာ ညှိနှိုင်းဆောင်ရွက် ခြင်းနှင့် ပြည်သူများအတွက် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို ဦးစားပေးဆောင် ရွက်နိုင်ရေးတို့အပေါ် ဆွေးနွေးကြ ကြောင်း သိရသည်။ **သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ငလျင်ဘေးသင့် မြန်မာ့ကျောက်မျက်ပြတိုက်မှ ပြသထားသောပစ္စည်းများ ပြောင်းရွှေ့နေမှုနှင့် ဝန်ကြီးဌာနရုံးများ၏ ရုံးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးမင်းသူ၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ငလျင်ဘေးသင့် မြန်မာ့ကျောက်မျက်ပြတိုက်သို့သွားရောက်၍ ပြတိုက်အတွင်း ဘေးအန္တရာယ်ကင်းစွာ ဝင်ရောက်နိုင်ရေးအတွက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ရှင်းလင်းဆောင်ရွက်နေမှုနှင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ရွှေနှင့် လက်ဝတ်ရတနာများ၊ အဖိုးတန်ဓာတ်သတ္တုများ ခင်းကျင်းပြသထားရှိရာ ပြတိုက်အပေါ်ထပ် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပြတိုက်အပေါ်ထပ်မှ ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ရွှေနှင့် လက်ဝတ်ရတနာများ၊ အဖိုးတန်ဓာတ်သတ္တုများ ရွှေ့ပြောင်းသယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး လူအန္တရာယ်မဖြစ်စေရေးနှင့် ပစ္စည်းများပျောက်ဆုံးမှု မရှိစေရေးအတွက် ပူးပေါင်းအဖွဲ့ဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ပြီး ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများအား ပြောင်းရွှေ့နေရာချထားမှု၊ ကူညီထောက်ပံ့ရေး ဆောင်ရွက်ထားရှိမှုနှင့် ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနရုံးများသို့သွားရောက်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကာ ရွှေ့ပြောင်းနေရာချထားသော ဝန်ထမ်းမိသားစုများအား သွားရောက်တွေ့ဆုံအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ကုန်မျိုးစုံအား သက်သာသောဈေးနှုန်းဖြင့် ခုနစ်ရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချ

နေပြည်တော် မေ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ခုနစ်ရက်မြောက်နေ့အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။

မတ် ၃၀ ရက်မှ မေ ၅ ရက်အထိ နေပြည်တော် ဘူတာကြီး စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့(မနောသုခ–Export Quality) ၅၉၇၅ အိတ်၊ ဆန်ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) အိတ် ၉၉၀၊ ဆီပိဿာ ၁၀၃၀၀၊ ဆား ၅၀ ကျပ်သားပါ အိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါ ၂၃၂၂ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါ ဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ်၂၅၀၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၁၇၁ အိတ်၊ စားအုန်းဆီ ပိဿာ ၁၃၂၀၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်း၊ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန်၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) ၁၅၄ အိတ်၊ စားအုန်းဆီ ၂၅၅၇ ပိဿာ၊ ကြက်ဥအလုံး ၄၃၆၀၊ ကြက်သွန်နီ ပိဿာ ၄၃၀၊ အသားတူ ငါးပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ ငလျင်ဘေး ကယ်ဆယ်ထူထောင်ရေးဆောင်ရွက်နေကြသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ AHA စင်တာမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ



**နေပြည်တော် မေ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ ငလျင်ဘေး ကယ်ဆယ်ထူထောင်ရေး ဆောင်ရွက်နေကြသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ AHA စင်တာမှ အမှုဆောင် ညွှန်ကြားရေးမှူးနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် Jasmine Hotel ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် AHA စင်တာ အမှုဆောင် ညွှန်ကြားရေးမှူး အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ကျန်းမာရေးဝန်ကြီး ဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ငလျင်ဘေးတွေ့ကြုံပြီး ကိုးရက်မြောက်နေ့အထိ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ လိုအပ်ချက်များ၊ ပြန်လည်ထူထောင်ရေးအဆင့်တွင် လိုအပ်လာမည့် ကျန်းမာရေးဆိုင်ရာ၊ ရေ၊ မီး စသည့် အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

အဆိုပါတင်ပြချက်များအပေါ် အခြေခံကာ ကျန်းမာရေးသုံးပစ္စည်းများနှင့် ဆေးဝါးများ၊ ရွှေ့ပြောင်းနိုင်သည့် ဆေးခန်းနှင့် ခွဲစိတ်ခန်းများ၊ ရေ၊ မီး အစရှိသည့် အခြေခံအဆောက်အအုံ၊ ယာယီ ရွက်ဖျင်တဲများ၊ ခြင်ထောင်များ စသည့်အထောက် အပံ့ပစ္စည်းများ ဦးစားပေးရယူပံ့ပိုးနိုင်ရေးနှင့် ပြန်လည်ထူထောင်သည့် လုပ်ငန်းစဉ်သို့ ကူးပြောင်းမှု ချောမွေ့စေရေးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး မြန်မာ၊ မလေးရှားနှင့် ထိုင်း နိုင်ငံခြားရေးဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံ

**နေပြည်တော် မေ ၅**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်းမှ ပဏာမလက်ရွေးစင် အားကစားသမားများ၊ လူငယ်အားကစား လေ့ကျင့်ရေးစခန်းမှ လူငယ် အားကစားသမားများနှင့် အုပ်ချုပ်/ နည်းပြများအား ယမန်နေ့နံနက် ပိုင်းတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းရှိ ဘက်စုံသုံး ခန်းမ၌ တွေ့ဆုံခဲ့သည်။



**တိုက်တွန်းပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် အားကစားအဖွဲ့များအားလုံး ငလျင်ဒဏ်ကြောင့် လက်ရှိတွင် နေထိုင်စားသောက်မှုများ၊ သောက်ရေ၊ သုံးရေအခက်အခဲများ ကြုံတွေ့နေရသော်လည်း အသက်ဘေး အန္တရာယ်နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှု မရှိခဲ့ကြသည့်အတွက် ဝမ်းသာပါကြောင်း၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နီးကပ်လာပြီဖြစ်၍ အခက်အခဲများရှိသော်လည်း အောင်မြင်မှုရရှိစေရေး၊ အရှိန်အဟုန်မပြတ် လေ့ကျင့်မှုများ ပြန်လည်စတင်နိုင်ရေးနှင့် အာဟာရပြည့်ဝစွာ ချက်ပြုတ် ကျွေးမွေးနိုင်ရေး အတွက် တာဝန်ရှိသူများက အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားသမားများကလည်း ယခင်ရရှိထားသည့် စံချိန်/စံညွှန်းများ ပြန်လည်ရရှိအောင်နှင့် ပိုမိုကောင်းမွန်သည့် စံချိန်များရရှိအောင် ဇွဲ၊ စိတ်ဓာတ် အပြည့်ဖြင့် ပြန်လည်ကြိုးစား လေ့ကျင့်သွားကြရန် လိုကြောင်း၊ ကြုံတွေ့လာသည့်အခက်အခဲများကို ကြံ့ခိုင်သည့်စိတ်ဓာတ်ဖြင့် ရင်ဆိုင်ကျော်ဖြတ်ပြီး ပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ကြိုးစား လေ့ကျင့်သွားကြရန် တိုက်တွန်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အင်အားပြည့်ဝပြီး အာဟာရပြည့်ဝအောင် ကျွေးမွေးနိုင်စေရန်၊ လေ့ကျင့်မှု ပြည့်ပြည့်ဝဝ ပြန်လည်ပြုလုပ်နိုင်စေရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုများအတိုင်း တာဝန်ရှိသူများက စိစစ်ကြပ်မတ်ပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်၍ အားကစားအဖွဲ့များ အားလုံး လေ့ကျင့်မှုများ ပြန်လည်စတင်ပြီး ကြိုးစားအားထုတ်ဆောင်ရွက်သွားရန် ပြောကြားခဲ့ပြီး အားကစားနည်းအလိုက် အုပ်ချုပ်/ နည်းပြများနှင့် အားကစားသမားများက လေ့ကျင့်မှုပြုလုပ်ရန် အတွက် လေ့ကျင့်ရေးရုံ အခြေအနေများ၊ နေထိုင် စားသောက်မှုများ၊ သောက်ရေ၊ သုံးရေနှင့်ပတ်သက်ပြီး အခက်အခဲများအား တင်ပြခဲ့ကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် ပျက်စီးနေသည့် Cluster-10 ရှိ အားကစားသမား အိပ်ဆောင်များအား လိုက်လံကြည့်ရှုခဲ့ပြီး ဆက်လက်နေထိုင်ရန် သင့်/မသင့် အမြန်ဆုံး စစ်ဆေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကာ စားသောက်ရေး၊ သောက်ရေနှင့် သုံးရေရရှိစေရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုများ နေထိုင်ရန် ယာယီတဲများ ဆောက်လုပ်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မေ ၅**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် မေ ၄ ရက် ညပိုင်းတွင် နေပြည်တော်ကောင်စီ ရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု အစည်းအဝေးသို့ တက်ရောက်သည်။




ဦးစွာ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ငလျင်ဘေးအန္တရာယ် ဖြစ်ပွားနေမှုအခြေအနေများနှင့်ပတ်သက်၍ မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်း တင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေ ရရှိစေရေး၊ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီဖြန့်ဝေပေးနိုင်ရေး၊ ငလျင်ဘေးသင့် ပြည်သူများအား ယာယီနေရာချထားမည့် နေရာများတွင် အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးတို့ကို ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် ဝန်ထမ်းအိမ်ရာတိုက်ခန်းများ ထိခိုက်ခဲ့မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ယာယီတဲများ ဆောက်လုပ်နေထိုင်မှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာလိုင်းခန်းများမှ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်ရန်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာနမှ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ သုခသိဒ္ဓိ အားကစားကွင်း၊ ဉာဏသိဒ္ဓိ အားကစားကွင်း၊ ခနသိဒ္ဓိ အားကစားကွင်းနှင့် ဗလသိဒ္ဓိ အားကစားကွင်းတို့၌ ယာယီတဲများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေရရှိရေး ဆောင်ရွက်နေမှုနှင့် နေရာချထားမည့် အစီအမံများအား ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်(NDB)နှင့် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်မည့်နေရာများသို့ ပြောင်းရွှေ့နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဘေးသင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများဖြစ်သည့် ဓနသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၁၂၀၃၊ ၁၃၂၈၊ ၁၃၂၁၊ ၁၃၇၂၊ ၁၃၇၇၊ ၁၃၉၅) ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ တိုက်အမှတ် (၁၀၇) တို့မှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများအား ယာယီပြောင်းရွှေ့မည့်နေရာများသို့ တပ်မတော်သားများက တပ်မတော်မော်တော်ယာဉ်များဖြင့် ပြောင်းရွှေ့ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့်မိသားစုများအား ယာယီပြောင်းရွှေ့နေထိုင်မည့်နေရာများတွင် နေရာချထားမည့်အခြေအနေ၊ သောက်သုံးရေစီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေ၊ သန့်စင်ခန်းများဆောင်ရွက်ပေးမည့်အခြေအနေနှင့် ဝန်ထမ်းများ ရုံးလုပ်ငန်းတာဝန်ထမ်းဆောင်နိုင်ရေး ကြို/ပို့ စီစဉ်ဆောင်ရွက်ပေးမည့်အခြေအနေတို့ကို နွေးထွေးစွာ ရင်းရင်းနှီးနှီးပြောကြားပြီး သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားသွားကြရန် လိုကြောင်း၊ ဝန်ထမ်းများ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြောင်းရွှေ့နေထိုင်မည့်ဝန်ထမ်းမိသားစုများ၏ အသုံးအဆောင်ပစ္စည်းများကို တပ်မတော်သားများနှင့် ဝန်ထမ်းမိသားစုများက မော်တော်ယာဉ်များပေါ်သို့ စနစ်တကျတင်ဆောင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျော်ဘွယ်မြို့နယ်ရုံးနှင့် ရမည်းသင်းခရိုင်ရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၅**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျော်ဘွယ်မြို့နယ်ရုံးနှင့် ရမည်းသင်းခရိုင်ရုံးများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆက်လက်ထိခိုက်မှုမရှိရေး၊ အန္တရာယ်ကင်းရေးနှင့် အရေးကြီးဆောင်ရွက်ရန် ရှိသည်များကို မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရမည်းသင်းခရိုင်ရုံးမှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ယင်းနောက် ဒုတိယဝန်ကြီးက ချီးမြှင့်ငွေများနှင့် ဆန်၊ ကြက်ဥ၊ ဝန်ထမ်းများအတွက် ဂုဏ်ပြု ခေါက်ဆွဲစသည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေသာလျောင်းတောင်ပေါ်၌ ကျောက်သေတ္တာအမည်ရှိ ကျောက်တုံးကြီးပြုတ်ကျမည့်အခြေအနေ ဖြစ်ပေါ်လျက်ရှိသဖြင့် တောင်ခြေအနီးတစ်ဝိုက်ရှိ ပြည်သူများ ခေတ္တပြောင်းရွှေ့ထား

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များကြောင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ စုကြီးရပ်ကွက် ရွှေသာလျောင်းတောင်ပေါ်၌ ကျောက်သေတ္တာအမည်ရှိ ကျောက်တုံးကြီးမှာ ပြုတ်ကျမည့်အခြေအနေဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် ရွှေသာလျောင်းတောင်ခြေအနီးတစ်ဝိုက်တွင် နေထိုင်သည့် ပြည်သူများ ဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် ခေတ္တပြောင်းရွှေ့နေထိုင်နိုင်ရေး ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက်၌ ဝေဘူချောင် ဆွမ်းလောင်းမဏ္ဍပ်များနှင့် ဇရပ်များတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးခဲ့ပြီး လေးမျက်နှာဘုရား၊ ဈေးလမ်း၊ ရွှေသာလျောင်းတောင်ခြေနှင့် မင်းရဲမြောင် နယ်နိမိတ်အတွင်း နေထိုင်သည့် ပြည်သူများကို မေ ၃ ရက်မှစတင်၍ နှစ်ရက်အတွင်း ယာယီပြောင်းရွှေ့ထွက်ခွာပေးရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အဆိုပါ ကျောက်တုံးကြီးနှင့်ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန် ဘူမိဗေဒပညာရှင်အဖွဲ့တစ်ဖွဲ့အား ယခုရက်အတွင်း စေလွှတ်၍ လေ့လာစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ငလျင်ဘေးကြောင့် ပျက်စီးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းစံပြကျေးရွာသို့ သွားရောက်ပြီး အမြင့်တင်ရေစင် ငလျင်ကြောင့် ပြိုကျပျက်စီးမှုကို လည်းကောင်း၊ ကျေးရွာခန်းမနံရံပြိုကျပျက်စီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ ရေစင်ပြန်လည်တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငလျင်ဘေးသင့်ပြည်သူများအတွက် ဆန်ခြောက်ပြည်အိတ် ၃၁ အိတ်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ပေးအပ်သည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပေါများရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံနှင့် မွမ်းမံအပ်ချုပ်သင်တန်း တက်ရောက်အောင်မြင်ပြီး တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေသော ဖူးပြည့်အပ်ချုပ်ဆိုင်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ညိုပင်ကျေးရွာအုပ်စု ကွေ့ကြီးကျေးရွာရှိ အမြင့်တင်ရေစင် ငလျင်ကြောင့် ထိခိုက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေစင်ပြန်လည်တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ကွေ့ကြီးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးမင်းမင်း၏ ဂေါ်ဖီ၊ ကြံ၊ ငရုတ်၊ ပြောင်းဖူး၊ စိုက်ခင်းများအား ကြည့်ရှုအားပေးပြီး ငလျင်ဘေးသင့် အသင်းသားတောင်သူများအတွက် ဆန် ခြောက်ပြည်အိတ် သုံးအိတ်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ငလျင်ဘေးသင့်ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်နေသော ဝန်ထမ်းလိုင်းခန်းတည်ဆောက်နေမှုနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် တိုက်အမှတ် (၂၆၈) နှင့် (၂၆၉) တို့တွင် ဌာန အင်ဂျင်နီယာများက တိုက်ကြံ့ခိုင်ရေး အကြိုစစ်ဆေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများသည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးရုံးအပါအဝင် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ကြံ့ခိုင်မှုအနေအထားကို အကြိုစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၅**

စက်မှုဝန်ကြီးဌာန အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ကို ယမန်နေ့နံနက်ပိုင်းက ရုံးအမှတ်(၃၀)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးရင်မောင် ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြား ရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေ မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**လမ်းညွှန်မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သည့်အချိန်မှ စ၍ စက်မှုဝန်ကြီးဌာန အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဝန်ထမ်းများ လတ်တလောစားသောက်ရေးကိစ္စရပ် များ အဆင်ပြေစေရေးအတွက် သောက်ရေသန့်များ၊ အသင့်စားခေါက်ဆွဲထုပ်များနှင့် အသားဘူးများ၊ အသုံး အဆောင်ပစ္စည်းများ၊ ဆိုလာမီးအိမ်များကို ဝန်ထမ်း များ၏ လက်ဝယ်အရောက် ကူညီထောက်ပံ့ပေးခဲ့ ကြောင်း၊ ထို့ပြင် စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ ၁၆ ခုမှ ငွေကျပ် ၅၈၈၅ သိန်း လှူဒါန်းသဖြင့် ဝန်ထမ်းများအား သာတူညီမျှမှုရှိအောင် ထောက်ပံ့ပေးအပ်နိုင်ရေး တာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့အပြင် ကုမ္ပဏီခုနစ်ခုက ဆန်၊ ရေသန့်၊ ဆီ၊ အသင့်စားခေါက်ဆွဲထုပ်၊ အားဖြည့်အချိုရည်၊ မုန့်၊ လက်ဖက်၊ အကြော်စုံတို့ကို ထောက်ပံ့လှူဒါန်း ထား၍ ဝန်ထမ်းများ၏ လက်ဝယ်အရောက် ဆက်လက် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နေပြည်တော်ရှိ ဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းရုံးချုပ်၊ ပြည်ထောင်စု နယ်မြေ(နေပြည်တော်)နှင့် မန္တလေးမြို့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင် သေဆုံးပါက တစ်ဦးလျှင်ငွေကျပ် ခုနစ်သိန်း၊ ဒဏ်ရာရရှိပါက ငွေကျပ် သုံးသိန်းစီ ထောက်ပံ့ကူညီပေးခဲ့ပြီး ဧပြီ ၄ ရက်အထိ ငွေကျပ် ၂၀၆၈ ဒသမ ၄ သိန်းကို ထောက်ပံ့ပေးအပ်ပြီးဖြစ် ကြောင်း၊ အလှူရှင်များ၏ လှူဒါန်းထားသည့်ငွေများ ကိုအကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက် သွားရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးလုပ်ငန်း များ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်နှင့် ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ စနစ်တကျ ဖြစ်စေရေး အတွက် ယာယီရုံးခန်းများကို ပြည်ထောင်စုဝန်ကြီး ၏ ခြံအမှတ် အေ-၅၊ ပြည်ထောင်စုဝန်ကြီးရုံး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန အမှတ်(၁)



အကြီးစားစက်မှုလုပ်ငန်းတို့ကို ရုံးအမှတ်(၃၀)၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးကို တိုက်အမှတ်(၅၂၀၃)၊ အမှတ်(၂)အကြီးစားစက်မှု လုပ်ငန်းရုံးကို ရုံးအမှတ်(၄၁)၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်းရုံးကို တိုက်အမှတ်(၅၃၇)၊ မြန်မာ့ဆေးဝါး လုပ်ငန်းရုံးကို ရုံးအမှတ်(၃၇)တို့တွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူ များသည် ဝန်ထမ်းများ ခေတ္တနေထိုင်နိုင်ရေးအတွက် အဆောင်များပြင်ဆင်နေမှု၊ ဇမ္ဗူသီရိမြို့နယ် သပြေကုန်း အဆင့်မြင့်ဈေးအတွင်းရှိ Gold Twin Tigers Trading Co., Ltd. ၏ JIDU EV အရောင်းပြခန်း တွင် ဝန်ထမ်းများထားရှိနိုင်ရေးအတွက် ပြင်ဆင် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေကြာပင်ရပ်ကွက်ရှိ အားကစားရုံတွင် ဖွင့်လှစ်ထား သည့် ယာယီဆေးရုံတွင် အိမ်သုံးစက်ရုံ(မင်းစု) က ထုတ်လုပ်သည့် ခုတင်များတပ်ဆင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ စာသင်ကျောင်းများပျက်စီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းရှိ ငလျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းနှင့်ဝန်ထမ်း မိသားစုများ၏ ယာယီစုပေါင်းနေထိုင်ရာစခန်းသို့ ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အဆိုပါစခန်းရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆန်အိတ်များ ထောက်ပံ့ပေးအပ် သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပညာရေး အိမ်ရာရှိ ပညာရေးဓမ္မာရုံနှင့် Naypyitaw State Academy သို့သွားရောက်၍ ပြင်းထန်ငလျင် ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်အိတ်များ ထောက်ပံ့လှူဒါန်းသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိ



မြို့နယ် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း နှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း တို့သို့ သွားရောက်၍ ပြင်းထန်သည့်ငလျင်ဘေးဒဏ် ကြောင့် ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့် ရှုစစ်ဆေးကာ သက်ဆိုင်ရာတာဝန်ရှိသူများအား အဆင့်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် အဆိုပါကျောင်းရှိ ပညာရေးဝန်ထမ်း ဆရာဆရာမများနှင့် တွေ့ဆုံအားပေး စကား ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများ၏ နေထိုင်မှု၊ ရေ၊ မီးရရှိမှု၊ သန့်စင်ခန်း သုံးစွဲမှု အခြေအနေများ ကောင်းမွန်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် အခြေခံပညာ ကျောင်းများ ပျက်စီးထိခိုက်ခဲ့သော်လည်း ပညာရေး ဝန်ကြီး ဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ ၏ ပညာသင်ယူမှုအခွင့်အလမ်း မထိခိုက်စေရေး အတွက် အစီအစဉ်များရေးဆွဲ ချမှတ်ဆောင်ရွက် နေကြောင်း ပြောကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်း တွင် ငလျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းမိသားစု များ ယာယီနေထိုင်ရာ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်းနှင့် Naypyitaw State Academy သို့သွားရောက်အားပေးစကားပြောကြား ပြီး China Foundation for Peace and Development(CFPD) နှင့် China–Myanmar Economic Cooperation Development Promotion Association(CMECDPA) တို့က ပညာရေးဝန်ကြီးဌာန သို့လှူဒါန်းခဲ့သည့် စားသောက်ဖွယ်ရာများနှင့် အသုံး အဆောင်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးက ငလျင်ဘေးဒဏ်သင့်ဝန်ထမ်း မိသားစုများထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း တွင် လူများနေထိုင်ရန်အတွက် ယာယီတဲများအသင့် ပြင်ဆင် ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း ဆေးဝါးတက္ကသိုလ် (မန္တလေး)သို့ သွားရောက်ကြည့်ရှု



**နေပြည်တော် ဧပြီ ၅**

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်းသည် တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဆေးဝါးတက္ကသိုလ် (မန္တလေး)နှင့် မန္တလေးစိတ်ကျန်းမာရေး ဆေးရုံ ကြီးသို့ သွားရောက်၍ ငလျင် ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ စာသင် ဆောင်များ၊ ဆေးကုသဆောင် များကို လှည့်လည်ကြည့်ရှု၍ သင်ကြားရေး လုပ်ငန်းများနှင့် ဆေးကုသရေးလုပ်ငန်းများ ပုံမှန် ဆောင်ရွက်နိုင်စေရေး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ကျန်းမာရေး ဝန်ထမ်းများအား ထောက်ပံ့ချီးမြှင့် ငွေများပေးအပ်၍ အားပေးစကား ပြောကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တိုင်းရင်းဆေး တက္ကသိုလ်(မန္တလေး)သို့သွားရောက် ၍ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ သည့် အဆောက်အအုံများ၊ စာသင် ဆောင်များကို လှည့်လည် ကြည့်ရှု၍ သင်ကြားရေးလုပ်ငန်း များ ပုံမှန်ဆောင်ရွက်နိုင်စေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ကျန်းမာရေး ဝန်ထမ်းများအား ထောက်ပံ့ချီးမြှင့် ငွေများပေးအပ်၍ အားပေးစကား ပြောကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၄ ရက် ညနေပိုင်းတွင် ချမ်းမြ သာစည် လေယာဉ်ကွင်းဟောင်းရှိ ယာယီဆေးကုသရေး စင်တာသို့ သွားရောက်၍ အိန္ဒိယဆေးကုသ ရေးအဖွဲ့က ငလျင်ဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာ များအား ကျန်းမာရေးစောင့်ရှောက် ကုသမှု ပေးနေမှုကိုလည်းကောင်း၊ မန္တလာသီရိ အားကစားကွင်းရှိ ယာယီဆေးကုသရေး စင်တာသို့ သွားရောက်၍ ရုရှားဆေးကု သရေးအဖွဲ့က ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာ များအား ကျန်းမာရေးစောင့်ရှောက် ကုသမှုပေးနေမှုကို လည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

## ငလျင်ဒဏ်သင့်ခဲ့ရသည့် သာသနိကနှင့်ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အများနှင့်သက်ဆိုင်သောအဆောက်အအုံများအား အဆောက်အအုံတစ်ခုချင်းအလိုက် တာဝန်ယူ၍ပြုပြင်မွမ်းမံ အသစ်တည်ဆောက် လှူဒါန်းလိုသူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် မေ ၅**

မတ် ၂၈ ရက်တွင် မန္တလေးမြေလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာကွာဝေးသည့် မြန်မာနိုင်ငံပြည်တွင်း အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိ အလွန်ပြင်းထန်သည့် မြေလျင်လှုပ်ခတ်ခဲ့မှုကြောင့် သာသနိကနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးစသည့် အများနှင့်သက်ဆိုင်သော အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည်။

အဆိုပါ အဆောက်အအုံများအနက် အဆောက်အအုံတစ်ခုချင်းအလိုက် တာဝန်ယူ၍ ပြုပြင်မွမ်းမံ အသစ်တည်ဆောက်လှူဒါန်းလိုသူများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ရာသက်ပန်ကမ္ပည်းထိုး၍ ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းလိုသူများအနေဖြင့် သက်ဆိုင်ရာ ဌာနများသို့လည်းကောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဖော်ပြထားသည့် ပုဂ္ဂိုလ်များထံသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် ယနေ့အထိ သေဆုံးသူ ၃၄၇၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၆၇၁ ဦးနှင့် ပျောက်ဆုံးသူ ၂၁၄ ဦး ရှိပါသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၆၈၂ ဦးအား ရှာဖွေပေးနိုင်ခဲ့ပါသည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံပေါင်း နှစ်နိုင်ငံမှ လေယာဉ် နှစ်စင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၁၉ ဒသမ ၉၆ တန် ဆိုက်ရောက်ခဲ့ပါသည်။

ပြည်တွင်းပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ယာယီရပ်တန့်ထားရသည့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့အား ပြန်လည်ဖွင့်လှစ်ပြီဖြစ်၍ ရထားခရီးစဉ်များနှင့် ပြည်တွင်းလေကြောင်းခရီးစဉ်များအား အများပြည်သူသွားလာမှုအဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် မေ ၅**

မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သည့် ပြင်းထန် ငလျင်ဒဏ်ကြောင့် ရန်ကုန် – မန္တလေးရထား လမ်းပိုင်း တစ်လျှောက်တွင် တာပေါင်ပျက်စီးမှု နေရာ ၆၀ နှင့် ရထားတံတား ၁၁ စင်းတို့ ပျက်စီးခြင်း၊ အချို့နေရာများတွင် သံလမ်းများ တွန့်လိမ်သွားခြင်းတို့ကြောင့် မြန်မာ့မီးရထားအနေဖြင့် အဆိုပါ ပျက်စီးမှုများကို လူအင်အား၊ စက်ယန္တရားအင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်မှုများ အသုံးပြု၍ အမြန်ဆုံးပြုပြင် ဆောင်ရွက်လျက် ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

မြန်မာ့မီးရထား အနေဖြင့် အဆိုပါ ပြုပြင်ပြီးစီးသည့် ရထားလမ်းပိုင်းတစ်လျှောက် မေ ၃ ရက်တွင် ကုန်ရထားများဖြင့် လမ်းပိုင်းကြံ့ခိုင်ရေး အခြေအနေကို စမ်းသပ်ခြင်း၊ မေ ၄ ရက်တွင် လူစီးရထားများဖြင့် ရထားအမြန်နှုန်း စမ်းသပ်မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးနောက် ရထားများပြေးဆွဲရန် စိတ်ချရပြီဖြစ်၍ ယနေ့နံနက်ပိုင်းမှ စတင်ကာ လူစီးရထားခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးပြီ ဖြစ်သည်။

**နေ့စဉ်ပုံမှန်ပြေးဆွဲပေး**

ထိုသို့ ပြန်လည်ပြေးဆွဲပေးရာတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာသည့် အဆန်ရထားများအနေဖြင့် အမှတ် (၁၁)အဆန် အမြန်ရထားသည် နံနက် ၅နာရီတွင် မန္တလေးမြို့သို့ လည်းကောင်း၊ အမှတ်(၇)အဆန် DEMU အမြန်ရထားသည် နံနက် ၆နာရီတွင် နေပြည်တော်သို့လည်းကောင်း ထွက်ခွာသည်။ အလားတူပင် မန္တလေးမြို့မှ စတင်ထွက်ခွာသည့် အစုန်ရထားများအနေဖြင့် အမှတ် (၁၂)အစုန် အမြန်ရထားသည် နံနက် ၅နာရီတွင် ရန်ကုန်မြို့သို့လည်းကောင်း၊ အမှတ် (၂၈)အစုန် လေအိတ်အမြန်ရထားသည် နံနက် ၆ နာရီတွင် နေပြည်တော်သို့ လည်းကောင်း ထွက်ခွာကြသည်။ ထို့အတူ အမှတ် (၈)အစုန် DEMU အမြန်ရထားသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့သို့ လည်းကောင်း၊ အမှတ် (၂၇) အဆန် လေအိတ် အမြန်ရထားသည် မွန်းလွဲ ၁ နာရီခွဲတွင် မန္တလေးမြို့သို့ လည်းကောင်း ထွက်ခွာကြသည်။ ထို့ပြင် ရန်ကုန်-ပြည်ခရီးစဉ်နှင့် ရန်ကုန်-မော်လမြိုင် ခရီးစဉ်များကိုလည်း နေ့စဉ်ပုံမှန် ပြေးဆွဲပေးလျက်ရှိသည်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြည်တွင်းခရီးစဉ်များကို မေ ၄ ရက်မှစတင် ပြေးဆွဲခွင့်ပြုထားပြီး ဖြစ်ရာ ယနေ့တွင် ပြည်တွင်းလေကြောင်းလိုင်း လေးလိုင်းမှ စုစုပေါင်း ခရီးစဉ် ၁၃ ခေါက် ပျံသန်းပြေးဆွဲပေးနိုင်ခဲ့ပြီး အဝင်ခရီးသည် ၃၉၉ ဦး၊ အထွက်ခရီးသည် ၅၇၃ ဦး စုစုပေါင်း ခရီးသည် ၉၇၂ ဦး သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## Sky Villa ကွန်ဒိုအဆောက်အအုံတွင်းမှ ရှာဖွေတွေ့ရှိသည့် ပစ္စည်းများကို ပိုင်ရှင်များထံ စိစစ်၍ အပ်နှံပေးသွားမည်



**မန္တလေး မေ ၅**

မတ် ၂၈ ရက်က အပြင်းအထန်လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် လမ်း၆၀၊ ၂၃x၂၄ လမ်းကြားရှိ Sky Villa ကွန်ဒိုအဆောက်အအုံအတွင်း အသက်ရှင်ကျန်ရစ်သူများ၊ သေဆုံးသူများနှင့် အဖိုးတန်ပစ္စည်းများကို ပြည်တွင်းကယ်ဆယ်ရေးအဖွဲ့များအပြင်၊ ပြည်ပကယ်ဆယ်ရေးအဖွဲ့များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးနှင့် ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများကို မြေငလျင်စတင်လှုပ်ခတ်သည့်နေ့မှစ၍ လူအင်အား၊ စက်ယန္တရားအင်အားတို့ဖြင့် ဆောင်ရွက်ခဲ့ရာ အဆောက်အအုံအတွင်းမှ ဆယ်တင်ရရှိသော ငွေကြေး၊ ပစ္စည်းများနှင့် အရေးကြီးစာရွက်စာတမ်းများကို မေ ၂ ရက်က တာဝန်ရှိသူများသည် ပစ္စည်းရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ ဖွဲ့စည်းကာ သက်ဆိုင်သူပုဂ္ဂိုလ်များအား စိစစ်၍ လွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ အဖွဲ့ထံမှ သိရသည်။

Sky Villa ကွန်ဒိုအဆောက်အအုံတွင် နေထိုင်ကြသည့် ပြည်သူများ၊ နိုင်ငံခြားသားများ၏ ပစ္စည်းများ ပြန်လည်ထုတ်ယူခွင့်ရရှိနိုင်ရန် ပစ္စည်းပိုင်ဆိုင်သူများ၏ ကိုယ်ရေးအချက်အလက်များ ပြည့်စုံစွာဖြည့်စွက်၍ ထုတ်ယူခွင့်ရရှိမည်ဖြစ်သည်။ အဆောက်အအုံအတွင်းမှ ရှာဖွေရရှိလာသည့် ပစ္စည်းများကို စနစ်တကျမှတ်တမ်းတင် လက်ခံသိမ်းဆည်းပြီး ပိုင်ရှင်ဖြစ်သူထံ စိစစ်အပ်နှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်ကိုကို**

# ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ကူညီကယ်ဆယ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလိုအပ်ချက် သွင်းကုန်ပစ္စည်းများအား လိုင်စင်များ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၅**

လတ်တလောဖြစ်ပွားခဲ့သည့် အင်အားပြင်း မြေငလျင်လှုပ်ခတ်မှုကြောင့် လိုအပ်လျက်ရှိသည့် ဆေးဝါး၊ သံချောင်း၊ သွပ်ပြားလိပ်၊ ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်မီးနှင့် ရေပစ္စည်း၊ စက်ရုံသုံး စက်နှင့် စက်အရန်ပစ္စည်းများကို တင်သွင်းနိုင်ရေးအတွက် သွင်းကုန်ပစ္စည်းများကို နိုင်ငံခြားသုံးငွေအမျိုးအစားအလိုက် လိုင်စင်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ငလျင်ဘေးသင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်က အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း လတ်တလော လိုအပ်လျက်ရှိသည့် ဆေးဝါးနှင့် ဆေးအထောက်အကူပြုပစ္စည်းများအား တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၀၃ သန်းကို ငလျင်ဖြစ်ပွားပြီးနောက် ယခုရက်ပိုင်းအတွင်း သွင်းကုန်လိုင်စင်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ပြည်တွင်း၌ ဆေးဝါးနှင့် ဆေးအထောက်အကူပြုပစ္စည်းများ လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် အထူးလိုအပ်သည့် ဆေးပစ္စည်းများကို သွင်းကုန်လိုင်စင်များ ဆက်လက်ခွင့်ပြု ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အထူးလိုအပ်သော သံချောင်းလုံး၊ သွပ်ပြားလိပ်၊ သံမဏိပစ္စည်း၊ ဆောက်လုပ်ရေးသုံး ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်မီးနှင့် ရေပစ္စည်း၊ စက်ရုံ၊ မြေပြင်လုပ်ငန်းသုံး စက်ကိရိယာနှင့် ယာဉ်ယန္တရားသုံး စက်အရန်ပစ္စည်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၀၃၉ သန်းကိုလည်း ငလျင်ဖြစ်ပွားပြီးနောက် သွင်းကုန်လိုင်စင် အမြန်ဆုံး ထုတ်ပေးခဲ့ကြောင်း၊ ငလျင်ဘေးသင့် ပြန်လည်ထူထောင်သည့် ကာလအတွင်း လိုအပ်ချက်ရှိသည့် အရေးကြီးကုန်စည်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက ၂၄ နာရီအတွင်း သွင်းကုန်လိုင်စင်ရရှိရေး အမြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငလျင်ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရဝန်ကြီးဌာနများအနေဖြင့် အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးအတွက် လိုအပ်သည့်ဆေးဝါးများအပြင် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများအား ပြည်ပမှ အချိန်မီတင်သွင်းနိုင်ရေး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် One Stop Service Team များဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးမြို့တွင် မြေငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေများပေးအပ်လှူဒါန်းပွဲကျင်းပ

**ပဲခူး မေ ၅**

မြေငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို မေ ၄ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မတ် ၂၈ ရက်တွင်အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မိမိတို့ပဲခူးတိုင်းဒေသကြီးတွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ တိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပြိုကျခဲ့သည့် အဆောက်အအုံများသည် ယခင် အဆောက်အအုံဟောင်းများဖြစ်ကာ ငလျင်ဒဏ်ခံစံနှုန်းများနှင့် ကိုက်ညီမှုမရှိဘဲ သမားရိုးကျဆောက်လုပ်ထားသည်ကို တွေ့ရကြောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ငလျင်ဒဏ်သင့်ဒေသများသို့ မတ် ၃၀ ရက်မှစတင်၍ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ အသင့်စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများစသည့် ကျပ်သိန်း ၁၆၈၀ ကျော် ပေးပို့သည့်အပြင် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အသက်ကူ ကယ်ဆယ်နိုင်ရေး သွေးအလုံးပေါင်း ၄၄၀ ကျော်ကိုလည်း နေပြည်တော်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ကူညီပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စာနာထောက်ထားမှုအပြည့်ဖြင့် လာရောက်လှူဒါန်းကြသည့် ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များ၊ အဖွဲ့အစည်းများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ စေတနာရှင်အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများက အလှူငွေများပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ယနေ့လာရောက်လှူဒါန်းသည့် စေတနာရှင်အလှူရှင်များ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများက ငွေကျပ် ၁၇၈၁၁ ဒသမ ၅ သိန်း ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မန္တလေးမြို့ Sky Villa အဆောက်အအုံ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး မေ ၅**



မတ် ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် မန္တလေးမြို့ရှိ Sky Villa ကွန်ဒိုတိုက်ခန်းများ ပြိုကျပျက်စီးလျက်ရှိရာ ယနေ့တွင် မီးသတ်တပ်ဖွဲ့ဝင်များ၊ တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေး ပညာရှင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ပြောကြား**

မန္တလေးတိုင်း ဒေသကြီး မီးသတ်ဦးစီးမှူးရုံး၏ စီမံကွပ်ကဲမှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင် ၃၅ ဦး၊ လူမှုကူညီရေး အသင်းများ၊ တရုတ်နိုင်ငံမှ Blue Sky Rescue ကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး Sky Villa ကွန်ဒိုနေသူများ၏ အဖိုးတန် ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းကာ ပြန်လည် ပေးအပ်သွားမည်ဖြစ်ကြောင်း ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးထွန်းက ပြောကြားသည်။

**ရှာဖွေကူညီ**

အဆိုပါ ဆောင်ရွက်လျက်ရှိရာ နေရာသို့ နေ့စဉ် ထမင်းဘူး၊ မုန့်၊ အချိုရည်၊ ရေသန့်နှင့် စက်သုံးဆီ၊ အားသွင်းမီးလုံး/ဓာတ်မီးများကိုလည်း ပြည်သူများနှင့် ပရဟိတဖောင်ဒေးရှင်းများက ကူညီလှူဒါန်းလျက်ရှိသည်။ စတင်ဖြစ်ပွားသည့်နေ့မှ မေ ၅ ရက်အထိ လူနာ ၅၂ ဦးနှင့် ရုပ်အလောင်း ၅၆ လောင်း တွေ့ရှိ၍ ရှာဖွေကူညီဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

**ဇာနည်ကိုကို**

## ဆိပ်ဖြူမြို့နယ်၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်

**ဆိပ်ဖြူ မေ ၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက် ကျောင်းသား ကျောင်းသူများအား ရှေးဦးပြုစုခြင်းအခြေခံသင်တန်းကို အထက (ဆိပ်ဖြူ) ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့က ကြီးမှူးဖွင့်လှစ်ပြီး နွေရာသီ ကျောင်းပိတ်ရက်ကာလများ၌ ကျောင်းသား ကျောင်းသူများ အကျိုးရှိရှိ အသုံးပြုတတ်စေရန်၊ ကြက်ခြေနီစိတ်ဓာတ်ကောင်းများ ရရှိမွေးမြူဆောင်ရွက်ပြီး နိုင်ငံနှင့်ဒေသအကျိုးများ ထမ်းရွက်သယ်ပိုးနိုင်သည့် လူငယ်မောင်မယ်များ တိုးပွားဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် ကြက်ခြေနီအကြောင်း သိကောင်းစရာနှင့် ရှေးဦးပြုစုခြင်းအခြေခံပညာရပ်များကို စာတွေ့၊လက်တွေ့ဖြင့် မေ ၄ ရက် မှ ၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ငလျင်ဘေးဒဏ်ခံရသည့်မြို့နယ်များ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

**တောင်ကြီး ဧပြီ ၅**

ရှမ်းပြည်နယ်အတွင်း ငလျင်ဘေးဒဏ်ခံခဲ့ရသည့် မြို့နယ်များရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၄ ရက် ညနေ ၆ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ခံခဲ့ရသည့် ဒေသများရှိ အမှန်တကယ်ပျက်စီးခဲ့မှုစာရင်းများ ပြုစုကြရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ချက်ချင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ ထောက်ပံ့လာသည့်ပစ္စည်းများ ရောက်ရှိလာပါက ဆက်လက်ထောက်ပံ့ပေးပို့သွားရေး အမြန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့် အင်းလေးဒေသတွင် သောက်ရေသုံးရေများ အဆင်ပြေစေရေး၊ အမှိုက်များစွန့်ပစ်မှု စနစ်တကျရှိစေရေး အားလုံးကဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာဌာနအလိုက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြမည့် အစီအမံများကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများအား အကောင်းဆုံးဖြစ်အောင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်အတွင်းတွင် ငလျင်ဘေးဒဏ်ကြောင့် သေဆုံးသူ ၆၆ ဦး၊ ဒဏ်ရာရသူ ၁၃၄ ဦး၊ လုံးဝပျက်စီးခဲ့ရသည့်အိမ် ၂၄၁၀၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့်အိမ် ၁၇၀၇ လုံး ရှိခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ပနိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ

နေပြည်တော် ဧပြီ ၅

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်မြေငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိလာကြောင်း သိရသည်။




သီရိလင်္ကာအစိုးရမှ လှူဒါန်းသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

ယင်းသို့ ရောက်ရှိလာရာ ယနေ့နံနက် ၅ နာရီ မိနစ်၄၀ ခန့်တွင် စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရှိ မြေငလျင်ဘေးဒဏ်သင့်ဒေသများကိုလှူဒါန်းသည့်ကယ်ဆယ်ရေးအထောက်အကူပြုဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများ ပါဝင်သည့် ၅၇၃၇ ကီလိုဂရမ်ကို Asia Cargo Airlines ဖြင့်လည်းကောင်း၊ ၇ နာရီ မိနစ် ၄၀ ခန့်တွင် အမေရိကန်ပြည်ထောင်စု Samaritans Purse International Relief အဖွဲ့က မြန်မာနိုင်ငံရှိ မြေငလျင်ဘေးဒဏ်သင့်ဒေသများအားလှူဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ဆေးဝါးနှင့်ခွဲစိတ်ခန်းတည်ဆောက်ရန် ဆက်စပ်ပစ္စည်းများပါဝင်သည့် ၂၂၆၃၄ ကီလိုဂရမ်နှင့် ခွဲစိတ်ဆရာဝန်များ၊ အထွေထွေရောဂါကုဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၂၅ ဦးကို တင်ဆောင်ပြီး Samaritans Purse အဖွဲ့ပိုင် လေယာဉ်ဖြင့်လည်းကောင်း ရောက်ရှိလာသည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ဆေးသေတ္တာ၊ ရွက်ဖျင်တဲ၊ ခြင်ထောင်၊ ရေသန့်ဘူးစသည့်ပစ္စည်း ကီလိုဂရမ် ၈၇၃၉၀ ကို သယ်ဆောင်လာသည့် AIR CHINA CARGO လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Economic and Commercial Counsellory Mr.Ouyang Daobing နှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။

ယင်းအပြင် ညနေ ၅ နာရီမိနစ် ၅၀ တွင်သီရိလင်္ကာအစိုးရမှ လှူဒါန်းသော ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ရွက်ဖျင်တဲ၊ ဆေးရုံသုံးပစ္စည်းများ၊ လက်သန့်ဆေးများ၊ ရေသန့်စင်စက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် သီရိလင်္ကာနိုင်ငံ တပ်မတော်မှ Brigadier General Karunatilake Hewakattuge Punyasiri ဦးဆောင်သော ဆေးတပ်ဖွဲ့ဝင် ၂၆ ဦးတို့သည် သီရိလင်္ကာနိုင်ငံပိုင်လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mrs. Prabashini Ponnamperumaနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချ လုပ်သားများက သက်ဆိုင်ရာယာဉ်များပေါ်သို့ တင်ဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံးအထောက်အကူပြုပစ္စည်းများ ထပ်မံရောက်ရှိ

**နေပြည်တော် ဧပြီ ၅**

နိုင်ငံတော် အစိုးရအနေဖြင့် ငလျင်ဒဏ်သင့် ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိကြသည်။

**တပ်မတော်လေဆိပ်သို့ရောက်ရှိ**

ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ယနေ့ရောက်ရှိကြသည့် နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုခဲ့ကြပြီး အဆိုပါ ကယ်ဆယ်ရေး အဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့် ဒေသများရှိ ပြည်သူများအား ရှာဖွေ ကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံး အထောက်အကူပြုပစ္စည်းများ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ထပ်မံရောက်ရှိစဉ်။



မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံး အထောက်အကူပြုပစ္စည်းများ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ထပ်မံရောက်ရှိစဉ်။

## လျှော်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်တစ်စင်း ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိ



နေပြည်တော် မေ ၅

မြန်မာနိုင်ငံရှိ လျှော်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် အတွက်အိန္ဒိယနိုင်ငံမှလူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အကူအညီများပေးအပ်ရန် ကူညီကယ်ဆယ် ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင် လာသော အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Gharial (L-23)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများ က ကြိုဆိုနှုတ်ဆက်ကြသည်။

**တက်ရောက်**

အဆိုပါရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ပွဲကို စစ်ရေယာဉ်ပေါ်၌ ဆက်လက်ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယသံအမတ်ကြီးက ကူညီကယ်ဆယ် ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးစိုးသိန်းက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ် သည်။

**စုစုပေါင်း တန်ချိန် ၄၄၂ တန်**

ယနေ့ရောက်ရှိလာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်ကြသည့် ဆန် ၄၀၅ တန်၊ ဟင်းချက်ဆီ တန် ၃၀၊ ဘီစကွတ် ငါးတန်နှင့် အသင့်စားခေါက်ဆွဲ နှစ်မက်ထရစ်တန် အပါအဝင် စားနပ်ရိက္ခာနှင့် ဆေးဝါးများပါဝင်ပြီး စုစုပေါင်း တန်ချိန် ၄၄၂ တန်ခန့်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယစစ်ရေယာဉ်ဖြင့် ရောက်ရှိလာသော ကူညီ ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ကို တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ အိန္ဒိယ စစ်ရေယာဉ်မှ အရာရှိစစ်သည်များ၊ ကျောက်တန်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း များ၊ ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သန္နေ နှင့် အရန်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာမော်တော် ယာဉ်များပေါ်သို့ တင်ဆောင်ပြီး လျှော်ဒဏ်သင့်ဒေသ များသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှော်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၅

မတ် ၂၈ ရက်က အင်အားပြင်း မြေငလျှင် လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများသို့ ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်း များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံ ပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက် မဟာဝိဇိတာရုံကျောင်းတိုက် ဦးစီးပဓာနနာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါ စရိယ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား ဖူးမြော်ပြီး ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူးနှင့်တာဝန်ရှိသူ များသည် ဦးလှသိန်းဗိမာန်၌ တိုင်းဒေသကြီး ဦးစီး ဌာနနှင့် ကယ်ဆယ်ရေးအဖွဲ့များပူးပေါင်း၍ ရောဂါ ပိုးမွှားများ ကင်းရှင်းစေရန် ကလိုရင်းပိုးသတ်ဆေး ဖျန်းခြင်းများ ဆောင်ရွက်နေမှုများနှင့် ချမ်းမြသာစည် လေယာဉ်ကွင်းဟောင်းနှင့် မန္တလာသီရိ အားကစား ကွင်းအတွင်းတို့၌ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ အကူအညီပေးရေးအဖွဲ့များ၏ ဆေးကုသပေးနေမှု များကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ချမ်းအေးသာစံမြို့နယ် အနီဃာသီလရှင် ပရိယတ္တိ စာသင်တိုက်၊ ဣစ္ဆာသယသာသနာ့နုဂ္ဂဟ မင်းကွန်း သီလရှင်စာသင်တိုက်နှင့် ဆူးဖြူသာသနာ့ရိပ်သာတို့ သို့သွားရောက်၍ သောက်သုံးရေများ၊ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ ပေးအပ် လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန် ရှိသူများသည် ပဲခူးတိုင်းဒေသကြီး တောင်ငူတက္ကသိုလ် ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် နေမှုများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၁၄၈ မိုင် ငါးဖာလုံအနီးရှိ ခပေါင်းရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီး၏ ပျက်စီးနေမှုအခြေအနေ များကို သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှု ထမ်းဟောင်းအိမ်ရာများနှင့် လျှော်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း၊ ရှမ်းပြည် နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၊ ကလောမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့ရှိ လျှော်ဒဏ်ကြောင့် ထိခိုက် ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိ သူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး လျှော်ဒဏ်ကြောင့် ပြိုကျ ပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိ၍ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးခြင်းနှင့် သဘာဝဘေး ဒဏ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်း နှီးနှီးတွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြ သည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပြည်သူများကလည်း လျှော်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူ များနှင့် လျှော်ဒဏ်သင့်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရေးအတွက် အစားအသောက်များ ချက်ပြုတ်၍ ထမင်း၊ ဟင်းများ လှူဒါန်းခြင်း၊ စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မေ ၅

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများ ပတ်ဝန်းကျင် သန့်ရှင်း သာယာရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်း သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိ ရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသ ကြီး ရန်ကင်းမြို့နယ် အပါအဝင် မြို့နယ် ၁၀ မြို့နယ်ရှိ အခြေခံ ပညာကျောင်းများနှင့် ပြည်သူ့ ဆေးရုံတို့၌ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ဒေသခံပြည်သူများက စာသင်ကျောင်းများနှင့် ဆေးရုံ ဝင်းအတွင်း/အပြင်ရှိ ချုံနွယ် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်း ခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေး ခြင်း၊ ရေစည်ကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများ ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ ပေးခြင်းများကို စုပေါင်းဆောင် ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းတောင်ရိုးရှိ ငလျင်ဒဏ်သင့်ဆရာတော်၊ သံဃာတော်နှင့် သီလရှင်များ ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေး သီတဂူဆရာတော်ကြီးထံ ဆွမ်းဆန်၊ ဆီ၊ ပဲများ ဆက်ကပ်လှူဒါန်း

**မုံရွာ ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် သီလရှင်ကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များနှင့်သီလရှင်များ ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေးအတွက် ယမန်နေ့မွန်းလွဲပိုင်းတွင် သီတဂူဆရာတော်ကြီးထံ ဆွမ်းဆန်အိတ် ၅၀၀၊ စားသုံးဆီပိဿာ ၅၀၀၊ ပဲအိတ် ၃၀၀ တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သီတဂူအာယုဒါနဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြသည့် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော စစ်ကိုင်းတောင်ရိုးရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်ကြီးများ၊ ဆရာတော်/သံဃာတော်များနှင့် သီလရှင်ဆရာလေးများအား စားသောက်ဖွယ်ရာများ လိုက်လံဆက်ကပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းခန်းမ၊ ရုံးခန်း၊ စာသင်ဆောင်များနှင့် ဝန်ထမ်းအိမ်များ ပြိုကျပျက်စီးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် ကျောင်းဆောင်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဝန်းအတွင်းဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ယာယီဆေးခန်းဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ငလျင်ဘေးဒဏ်ခံခဲ့ရသည့် စစ်ကိုင်းမြို့ အခြေခံပညာအလယ်တန်းကျောင်းခွဲ(ထူပါရုံ)၊ ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ဇေယျာကွက်သစ်ရှိ အခြေခံပညာအလယ်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့် မြို့နယ်များ၌ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၅**




မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်က အင်အား အလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ခတ်မှုကြောင့် နေပြည်တော် ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ ပြည်သူအချို့ အသက်သေဆုံး၍ ထိခိုက်ဒဏ်ရာ ရရှိမှုများဖြစ်ပေါ်ခဲ့ရသဖြင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပြည်တွင်းရှိ ပူးပေါင်းအဖွဲ့များက ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ် အလိုက် ယနေ့တွင် အချိန်နှင့် တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်**

ယနေ့နံနက်ပိုင်းမှ စတင်၍ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်ပနိုင်ငံ များမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များ၊ ပရဟိတ အသင်းအဖွဲ့များက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်မြို့နယ်များသို့ သွားရောက်၍ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အဖွဲ့များခွဲ၍ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် နေပြည်တော် ကောင်စီနယ်မြေအတွင်း မြို့နယ်အလိုက်သွားရောက်၍ ပြည်သူများအား သဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်ဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးခြင်း၊ သရုပ်ဖော်ပြသပေးခြင်းတို့ကိုဆောင်ရွက်ပေးပြီး ဆရာဝန်များ၊သူနာပြုအဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေးခွေးများ၊အထောက်အကူပြုကားများ၊ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများ အသုံးပြု၍ မြို့နယ်၊ ရပ်ကွက်များအတွင်းရှိငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ ကွင်းဆင်းကာ ရှာဖွေကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသက်သေဆုံး ခဲ့ကြရသည့် ပြည်သူအချို့၏ ရုပ်အလောင်းများကို သက်ဆိုင်ရာမြို့နယ်အလိုက်ဆေးရုံများသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ထိခိုက်ဒဏ် ရာရရှိခဲ့သည့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်စေရေး ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဆေးဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်မြို့နယ်၊ ရပ်ကွက်များသို့ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများ အသုံးပြုကာ ပြည်သူများအား ရှာဖွေကယ်ဆယ်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရွှေ့လျားဆေးကုသယာဉ်အသုံးပြု၍ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံး ပို့ဆောင်ပေးခြင်း၊ သက်ကြီးရွယ်အိုများအား လုံခြုံစိတ်ချရသည့် နေရာများသို့ ရွှေ့ပြောင်းနေရာ ချထားပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

အလားတူ နေပြည်တော် ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် မြို့နယ်များအလိုက် ဝန်ထမ်းအိမ်ရာ တိုက်ခန်းများ ထိခိုက်ပြိုကျပျက်စီးခဲ့ရာ အဆိုပါအိမ်ရာများအတွင်း နေထိုင်ကြသည့် ဝန်ထမ်းမိသားစုများအား လုံခြုံဘေးကင်းရာ နေရာများနှင့် ယာယီအခြေပြု နေထိုင်ကြမည့်နေရာများသို့ မိမိတို့သက်ဆိုင်ရာ ဝန်ကြီးဌာန အစီအစဉ်များအလိုက် တပ်မတော်မှ မော်တော်ယာဉ်များနှင့်အတူ တပ်မတော်သားများ၏ ကူညီမှုများဖြင့် အမြန်ဆုံးရွှေ့ပြောင်း ပေးလျက်ရှိပြီး အဆိုပါနေရာများတွင် ဝန်ထမ်းများ စားသောက် နေထိုင်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေ၊ သုံးရေများရရှိနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။

ငလျင်ဒဏ်ကြောင့် မြို့နယ်များအလိုက် လမ်း၊ တံတားများ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် အဆိုပါလမ်းများပေါ်တွင် ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက စက်ယန္တရားများ အသုံးပြု၍ ပြင်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိသည်။

**လျှပ်စစ်မီးများ ပြန်လည်ရရှိ**

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်များအလိုက် လျှပ်စစ်မီးတိုင်များ၊ ဓာတ်ကြိုးများသည်လည်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသဖြင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည်လည်း အချိန်မီ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး နေ့မအား ညမနား အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အများစု၌ လျှပ်စစ်မီးများ ပြန်လည်ရရှိနေပြီ ဖြစ်သည်။

အလားတူ အလှူရှင်များ၊ အနုပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အသင်းအဖွဲ့များသည်လည်း နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ ယာယီအခြေပြု နေထိုင်လျက်ရှိကြသည့် နေရာများသို့သွားရောက်၍ စားသောက်ကုန်များ၊ ရေသန့်ဘူးများ၊ အရေးပေါ်သုံးစွဲနိုင်ရန် ထောက်ပံ့ငွေများ၊ အဝတ်အထည်များ၊ ဆေးဝါးများ လှူဒါန်းကြသည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယာယီမိုးကာတဲများ၊ ရွှေ့လျားရေသန့် မော်တော်ယာဉ်များ၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စဖြေရှင်းနိုင်ရေးယာယီရေကန်များ၊ ငလျင်ဒဏ်ခံစားခဲ့ကြသည့် ပြည်သူနှင့် ဝန်ထမ်းများ သက်သာချောင်ချိစွာ စားသောက်နိုင်ရေး ရွှေ့လျားကုန်စိမ်း၊ ကုန်ခြောက်အရောင်း မော်တော်ယာဉ်များဖြင့် စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။

မြန်မာနိုင်ငံအတွင်းရှိငလျင်ဒဏ်သင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင် ရွက်ရန် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြု ဆေးအဖွဲ့များသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသယ်ဆောင်လျက် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိလာကြပြီး ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ အဖွဲ့များခွဲ၍ နိုင်ငံအတွင်းရှိ ငလျင်ဒဏ်သင့် ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ချောင်းမငယ်နှင့် မဒန်းဆည်ရေသောက်စနစ်များ ပြန်လည်ပြုပြင်၍ စိုက်ပျိုးရေပေးဝေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် ချောင်းမငယ် ရေလှောင်တမံကြွခိုင်မှုအခြေအနေ၊ ချောင်းမငယ် ဆည်ရေသောက်စနစ်နှင့် မဒန်းဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်၍ စိုက်ပျိုးရေပေးဝေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ဖြည့်စွက်မှာကြား**

ကြည့်ရှုစစ်ဆေးစဉ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူက အင်အားပြင်းငလျင်လှုပ်ခတ်ပြီး ချောင်းမငယ်ရေလှောင်တမံနှင့်ပတ်သက်၍ ကြွခိုင်မှုကို အချိန်နှင့်တစ်ပြေးညီ တိုင်းတာစစ်ဆေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ဘေးကင်းလုံခြုံမှုအခြေအနေ မျက်မြင်စစ်ဆေးမှု အစီရင်ခံစာပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် နည်းပညာရပ်ပိုင်းဆိုင်ရာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်အားပြင်းငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ချောင်းမငယ်ဆည်ရေသောက်စနစ်နှင့် မဒန်းဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများ အချိန်မီ အပိုင်းလိုက်ပြန်လည်စိုက်ပျိုးရေပေးဝေနေမှု၊ စက်ယန္တရားများဖြင့် ပြုပြင်ဆောင်ရွက်နေမှု၊ ထိခိုက်ပျက်စီးခဲ့သည့် တူးမြောင်းနှင့် တူးမြောင်းအဆောက်အအုံများအား ယာယီအစီအစဉ်ဖြင့် ဆက်လက်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အပိုင်းအလိုက် စိုက်ပျိုးရေ အမြန်ဆုံးပေးဝေနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးပြီးလယ်ယာမြေများ၌ ငလျင်ဒဏ်ကြောင့် သဲဖွက်ထနေရာများတွင် ပျိုးပင်များပျက်စီးမှုအတွက် အမြန်ဆုံးပြန်လည်ဖာထေးနိုင်ရေး၊ ကောက်ကွက်ပြည့်ရေး၊ အထွက်နှုန်းလျော့ကျမှုမရှိစေရေး၊ စိုက်ပျိုးပြီးဖြစ်သည့် သီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် လယ်ကွင်းများအတွင်း စိုက်ပျိုးရေ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။



ချောင်းမငယ်ဆည်ရေသောက်စနစ် မြောင်းမကြီး၊ လက်တံမြောင်းနှင့် လက်တံမြောင်းခွဲတို့ရှိ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် နေရာများအား တစ်စိတ်တစ်ပိုင်း ပြန်လည်ပြုပြင်ပြီးဖြစ်၍ မူလလျာထား နွေစပါး ဧက ၅၀၀၀ အနက်မှ နွေစပါးဧက ၁၉၀၀ အား စိုက်ပျိုးရေ ပြန်လည်ပေးဝေလျက်ရှိပြီး ကျန်ရှိနေသည့် နွေစပါးစိုက်ဧကများကို ဧပြီ ၁၀ ရက်မတိုင်မီ စိုက်ပျိုးရေ အပြည့်အဝ အမြန်ဆုံး ပြန်လည်ပေးဝေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အလားတူ မဒန်းဆည်ရေသောက်စနစ် မြောင်းမကြီး၊ လက်တံမြောင်းနှင့် လက်တံမြောင်းခွဲတို့ရှိ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများကို တစ်စိတ်တစ်ပိုင်း ပြန်လည်ပြုပြင်ပြီး အပိုင်းလိုက် စိုက်ပျိုးရေပေးဝေလျက်ရှိရာ မူလလျာထားနွေစပါး ဧက ၂၂၇၀ အနက်မှ နွေစပါးဧက ၁၁၀၀ အား စိုက်ပျိုးရေ ပြန်လည်ပေးဝေလျက်ရှိပြီး ကျန်ရှိနေသည့် နွေစပါးစိုက်ဧကများကို ဧပြီ ၁၀ ရက်မတိုင်မီ စိုက်ပျိုးရေအပြည့်အဝ အမြန်ဆုံး ပြန်လည်ပေးဝေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းမိသားစုများအတွက် အလှူရှင်များ၊ အနုပညာရှင်များနှင့် အသင်းအဖွဲ့များက ကူညီထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် ဧပြီ ၅**





မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်က အင်အား အလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ ငလျင်ဘေးဒဏ်သင့်ခဲ့သဖြင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များ၊ အနုပညာရှင်များနှင့် အသင်းအဖွဲ့များက ဝန်ထမ်းမိသားစုများ ယာယီအခြေပြု နေထိုင်နေကြသည့် နေရာများသို့ သွားရောက်၍ အလှူငွေများ၊ စားသောက်ဖွယ်ရာများ၊ ယာယီမိုးကာတဲများနှင့် အခြားလိုအပ်သည်များကို နေ့ရက်အလိုက် သွားရောက်လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များပါဝင်သောအဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်အတွင်းရှိပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာသို့ သွားရောက်၍ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားကာ အသင့်စားခေါက်ဆွဲထုပ်များနှင့် အားဖြည့်အချိုရည်များ ပေးအပ်လှူဒါန်းသည်။

ယခုကဲ့သို့ ထောက်ပံ့လှူဒါန်းမှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက “ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးအနေနဲ့ ငလျင်စလှုပ်တဲ့နေ့ကစပြီး ငလျင်ဒဏ်သင့်ဒေသတွေကို သွားရောက်ထောက်ပံ့လှူဒါန်းဖို့ အတွက် စတင်ဆောင်ရွက်ပါတယ်။ ဒီနေ့မှာတော့ နေပြည်တော်ကောင်စီအတွင်းမှာရှိတဲ့ ဝန်ထမ်းမိသားစုတွေ၊ ပြည်သူတွေကို လာရောက်အားပေးထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ ကိုယ့်ပြည်သူတွေ ငလျင်ဒဏ်ခံစားခဲ့ရတာမြင်တော့ အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ အခုလို လှူဒါန်းထောက်ပံ့ခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ တခြားငလျင်ဒဏ်သင့် ဒေသတွေကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေနဲ့ ဆက်လက်သွားရောက်လှူဒါန်းသွားမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

ရုပ်ရှင်သရုပ်ဆောင် ဦးအောင်ခိုင်ကလည်း “ဒီနေ့မှာတော့ ငလျင်ပြင်းပြင်းထန်ထန်ခံစားခဲ့ရတဲ့ထဲက တစ်မြို့ဖြစ်တဲ့ နေပြည်တော်က ဝန်ထမ်းတွေနဲ့ ပြည်သူတွေကို လာရောက်လှူဒါန်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မိသားစုလိုဖြစ်တဲ့ ဝန်ထမ်းတွေကို လူကိုယ်တိုင် လာရောက်အားပေး



ဦးအေးကြူလေး



ဦးအောင်ခိုင်

ခြင်းလည်းဖြစ်ပါတယ်။ ဒီမှာ မြင်ရကြားရတာတွေက ရင်ထဲတော်တော်လေး မကောင်းပါဘူး။ ဘယ်သူမှ ရင်မဆိုင်ချင်ကြတဲ့ ဒုက္ခတွေကို ရင်ဆိုင်နေကြရတာလည်း ဖြစ်ပါတယ်။ ကိုယ့်မိသားစုတွေ ခံစားနေရသလိုကို ရင်ထဲခံစားနေရပါတယ်။ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်၊ ထမင်းရှင် ပြည်သူတွေအတွက် ကျွန်တော်တို့ တတ်အားသရွေ့ လှူဒါန်းမှုတွေ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟုပြောသည်။

ထို့နောက် အဆိုပါအဖွဲ့သည် နေပြည်တော်ကောင်စီ ရုံးဝင်းအတွင်းရှိ ဇမ္ဗူသီရိခန်းမ၌ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများနှင့်ပြည်သူများအတွက် အသင့်စား ခေါက်ဆွဲခြောက်များနှင့် အားဖြည့်အချိုရည်များကို သွားရောက်လှူဒါန်းရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လက်ခံရယူကြသည်။

အလားတူ Myanmar Swat International Security Group ဥက္ကဋ္ဌ Mr. Duan နှင့်အဖွဲ့သည် နေပြည်တော် ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်ခဲ့သည့် ဝန်ထမ်းမိသားစုများ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် နေရာများသို့သွားရောက်၍ ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများနှင့်တစ်ရှူးများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းသည်။

ယမန်နေ့ကလည်း အဆိုပါအဖွဲ့သည် ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများ ယာယီအခြေပြု နေထိုင်လျက်ရှိကြသည့် နေရာများသို့ သွားရောက်၍ ယာယီမိုးကာတဲ ၁၀ လုံး ဆောက်လုပ်လှူဒါန်းပေးခြင်း၊ ရေသန့်များ၊ ခြင်ထောင်၊ ခြင်ဆေးခွေ၊ အချိုရည်၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ဆက်လက် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်း ဦးဆောင်၍ ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များက နေပြည်တော်ကောင်စီရုံးဝင်း အတွင်းရှိ ဝန်ထမ်းများအတွက် ထမင်းဘူးများ၊ ကြက်ဥနှင့် ငါးခြောက်ကြော်များကိုလည်းကောင်း၊ စည်ပင်ဝန်ထမ်းအိမ်ရာအတွင်းရှိ ဝန်ထမ်းများအတွက် ထမင်းဘူး၊ ကြက်ဥနှင့် ငါးခြောက်ကြော်များကိုလည်းကောင်း၊ သာသနာပါလ မြိတ်ကျောင်းတိုက်တွင် ထမင်းဘူး၊ ငါးခြောက်ကြော်နှင့် ကြက်ဥများကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများအတွက် တစ်အိမ်ထောင်လျှင် ဆန် နှစ်ပြည်အိတ် တစ်အိတ်စီဖြင့် ဆန်အိတ် ၅၀၀၊ ရေသန့်ဘူးကတ် ၅၀ ကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအတွက် တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်အိတ် တစ်အိတ်စီဖြင့် ဆန်အိတ် ၁၀၀၀ နှင့် ရေသန့်ကတ် ၂၀၀ ကိုလည်းကောင်း လှူဒါန်းပေးခဲ့ပြီး နောက်ရက်များတွင်လည်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းမိသားစုများနှင့် ပြည်သူများအား ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သတိပြုဆောင်ရွက်ရတော့မည့် လုပ်ငန်းခွင်အပူဒဏ်အန္တရာယ်

မိုး(အလရ)

နွေရောက်ပြီလေ ..... ရိုးတံကျဲကျဲ
ပင်အိုတို့အလှချင်းလည်းပြိုင်
လေရူးလေဝှေ့ ..... ရွက်ဝါတွေ လိပ်ပြာတွေရယ်
အလှချင်း.... ပြိုင်နေသလိုပင်

လေနဲ့အတူ ပျံ့လွင့်လာတဲ့ လမ်းမထက်ဆီက သီချင်းသံနဲ့ လေထဲမှာလွင့်ပျံနေတဲ့ ကုက္ကိုရွက်ကြွေတို့ရဲ့ မြင်ကွင်းနဲ့ လမ်းတစ်ဖက်တစ်ချက်စီမှာ အပြိုင်အဆိုင်ပွင့်နေတဲ့ နွေဦးရာသီရဲ့ သင်္ကေတဖြစ်တဲ့ ကံ့ကော်ပန်းတွေက မကြာမီကာလမှာ ပူပြင်းခြောက်သွေ့တဲ့ နွေရာသီသို့ ဝင်ရောက်တော့မယ်လို့ သတိပေးနေသလိုပါ။

ကျောင်းသားတွေအတွက်တော့ တစ်နှစ်တာ ကြိုးစားထားမှုတွေကနေ ခဏတာ လွတ်မြောက်တော့မယ့်အချိန်၊ စာရေးဆရာ၊ ပန်းချီဆရာတွေအတွက်တော့ လွမ်းမောဖွယ်ခံစားချက်တွေနဲ့ စာဖွဲ့လို့ကောင်းတဲ့ရာသီ၊ သင်္ကြန်ပိုးလေးတွေအတွက် မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲဖို့ မြူးပျော်ရတဲ့ အခါသမယ စသည်ဖြင့် အသက်အရွယ်အလိုက် ခံစားချက်မျိုးစုံနဲ့ ဖြတ်ကျော်ကြဦးမယ့် နွေရာသီက သူ့ရာသီစက်ဝန်းအတိုင်း အချိန်မှန်ရောက်လို့လာပေပြီ။

ကျွန်တော်တို့လို အများပြည်သူတွေအတွက် ဝန်ဆောင်မှုပေးရတဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက်တော့ နွေဦးရဲ့ သင်္ကေတတွေကို မြင်တွေ့ရပြီဆိုတာနဲ့ မကြာမီရောက်လာတော့မယ့် နွေရာသီအတွက် ပြင်ဆင်ဆောင်ရွက်သင့်တာတွေက ဦးနှောက်ထဲသို့ တသီကြီး ရောက်ရှိလို့လာပေပြီ။ ကမ္ဘာ့အပူချိန်မြင့်တက်လာမှုနဲ့အတူ အပူပိုင်းဇုန်ဖြစ်တဲ့ မြန်မာနိုင်ငံဟာလည်း တစ်နှစ်ထက်တစ်နှစ် အပူချိန် မြင့်မားလာတာကို ခံစားသိရှိကြရတာပဲဖြစ်ပါတယ်။

**ဆယ်ရာစု တစ်စုကို သုံးဆန္နန်းအထိ တိုးလာ**

ကမ္ဘာ့အပူချိန်က ၁၉၈၂ ခုနှစ်ကစပြီး ဆယ်ရာစု တစ်စုကို သုံးဆန္နန်း (သုည ဒသမ ၂ ဒီဂရီစင်တီဂရိတ်) အထိ တိုးလာခဲ့ပြီး ၂၀၁၅ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ ၁၀ နှစ်တာကာလသည် အပူဆုံးကာလ အပိုင်းအခြားအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ကမ္ဘာ့အပူချိန်က တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာတာ ၂၀၂၄ ခုနှစ်ဟာ အပူချိန်အမြင့်ဆုံးနှစ်အဖြစ် The World Meteorological Organization (WMO) က ၁၀-၁-၂၀၂၅ ရက်နေ့က အတည်ပြုခဲ့ကြောင်းနဲ့ စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုမရှိသေးတဲ့ကာလ အပူချိန်ထက် ၁ ဒသမ ၅၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့တယ်လို့ လေ့လာတွေ့ရှိခဲ့ရတယ်။

ဒီလို ကမ္ဘာတစ်ဝန်း အပူချိန်မြင့်မားလာတာနဲ့ အမျှ အပူပိုင်းဇုန်ဖြစ်တဲ့ အာရှ၊ ပစိဖိတ်ဒေသတွေမှာ အပူချိန်က ၂၀၂၄ ခုနှစ်အတွင်း ၄၀ ဒီဂရီစင်တီဂရိတ် အထက်ကို ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံမှာလည်း ၂၀၂၄ ခုနှစ် ဧပြီလမှာ အမြင့်ဆုံးအပူချိန်က ၄၈ ဒသမ ၂ ဒီဂရီစင်တီဂရိတ်အထိ ရှိခဲ့ပါတယ်။

ရာသီဥတုအပူချိန်မြင့်မားလာလို့ ကလေး၊ လူကြီး၊ လူငယ်မရွေး အပူဒဏ်ကြောင့် နာမကျန်းဖြစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာအန္တရာယ်တွေ ရရှိခံစားရခြင်းတွေ ဖြစ်ပေါ်လျက်ရှိရာမှာ လုပ်ငန်းခွင်ရှိ အလုပ်သမားတွေဟာ အပူဒဏ်ခံစားရသူတွေထဲမှာ ထိရှလွယ်တဲ့အုပ်စုအဖြစ် သတ်မှတ်ရမှာပဲဖြစ်ပါတယ်။ လုပ်သားတွေရဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်နဲ့ ကျန်းမာရေးဆိုင်ရာ အန္တရာယ်တွေကို ကာကွယ်စောင့်ရှောက်ပေးနေရတဲ့ ကျွန်တော်တို့လို ဌာနအတွက်လည်း နွေရဲ့အပူဒဏ်ကြောင့် အလုပ်သမားတွေမှာ ဖြစ်ပေါ်နိုင်တဲ့ သက်ရောက်မှုတွေလျော့ပါးစေဖို့နဲ့ သက်သောင့်သက်သာဖြစ်စေတဲ့ လုပ်ငန်းခွင်တွေဖြစ်စေရေး လုပ်ငန်းပိုင်ရှင်တွေအနေနဲ့ စီမံပေးသင့်တဲ့အရာတွေနဲ့ ပတ်သက်ပြီး သတိပေးဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ အပူချိန်မြင့်မားလာတဲ့အတွက် ပုံမှန်နေထိုင်သွားလာနေတဲ့ လူသားတွေမှာ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) အပါအဝင် အပူဒဏ်ကြောင့် နာမကျန်းဖြစ်မှုတွေ ရရှိခံစားလာကြရတာကို တွေ့ရှိရပါတယ်။

**အသက်သေဆုံးတဲ့အထိပါ ဖြစ်ပေါ်နိုင်**

အပူချိန်မြင့်မားလာခြင်းကြောင့် ပျို့ခြင်း သို့မဟုတ် ဂနာမငြိမ်ဖြစ်ခြင်း၊ ကြွက်သားတွေ ကြွက်တက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူးနောက်ခြင်း၊ နုံးချည့်ခြင်း၊ နှလုံးခုန်မြန်ခြင်း စတဲ့လက္ခဏာတွေ ဖြစ်ပေါ်နိုင်တဲ့အပြင် အပူချိန်အလွန်အမင်း လွန်ကဲစွာခံစားရခြင်း ဒါမှမဟုတ် ပြင်းထန်စွာ ကိုယ်ကာယလှုပ်ရှားဆောင်ရွက်တဲ့အခါမှာလည်း အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ဖြစ်ပြီး အချို့မှာ အသက်သေဆုံးတဲ့အထိပါ ဖြစ်ပေါ်နိုင်တာကို တွေ့ရပါတယ်။

လုပ်ငန်းခွင်မှာ လှုပ်ရှားလုပ်ကိုင်နေတဲ့လုပ်သားတွေဟာ ပြင်ပအပူချိန်သာမက လုပ်ငန်းခွင်မှာ အသုံးပြုလုပ်ကိုင်နေတဲ့ စက်ကိရိယာတွေ၊ လုပ်ငန်းစဉ်တွေကနေ ထွက်ရှိတဲ့ အပူချိန်တွေ၊ အချို့လုပ်သားအင်အားများပြားတဲ့ လုပ်ငန်းတွေမှာ လူကနေထွက်ရှိတဲ့ အပူချိန်တွေနဲ့ အပူဒဏ်တွေကို ပိုခံစားရနိုင်ပါတယ်။ ဒီလိုအလုပ်သမားတွေမှာ အပူဒဏ်ကြောင့် နာမကျန်းဖြစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ အန္တရာယ်တွေ ခံစားရမယ်ဆိုပါက လုပ်ငန်းဆောင်ရွက်တဲ့အပေါ်မှာ အာရုံစူးစိုက်မှု၊ စိတ်ဝင်စားမှု လျော့နည်းပြီး အလုပ်လုပ်နိုင်စွမ်း လျော့နည်းခြင်း၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိခြင်း စတဲ့အကျိုးဆက်တွေဖြစ်ပေါ်နိုင်ပါတယ်။ အဲဒီနောက်ကုန်ထုတ်စွမ်းအားကျဆင်းခြင်း၊ ကျွမ်းကျင်လုပ်သား ဆုံးရှုံးရခြင်းဆိုတဲ့ရလဒ်တွေကိုလုပ်ငန်းပိုင်ရှင်တွေအနေနဲ့ မလွဲကေန် ရင်ဆိုင်ရမှာဖြစ်သလို အလုပ်သမားတွေရဲ့ လူမှုစီးပွားလည်း ကျဆင်းလာမှာဖြစ်ပါတယ်။ ဒါကြောင့် အပူချိန်မြင့်မားလာတော့မယ့် နွေအခါသမယမှာ အလုပ်သမားတွေအတွက် အပူဒဏ်လျော့နည်းတဲ့ လုပ်ငန်းခွင်တွေဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။




**လုပ်ငန်းပိုင်ရှင်တွေအနေနဲ့ အလေးထားဆောင်ရွက်သွားဖို့လို**

စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေအတွက် အပူဒဏ်အန္တရာယ်ကနေ ကာကွယ်ပေးရမယ့် ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး တည်ဆဲအလုပ်သမားရေးရာ ဥပဒေတစ်ခုဖြစ်တဲ့ ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ အဆိုပါဥပဒေမှာ အလုပ်ရုံရဲ့ အလုပ်ခန်းတိုင်းမှာ လေကောင်းလေသန့် လုံလောက်စွာရရှိစေရေး၊ အလုပ်သမားတို့ နေသာချောင်ချိရေးနဲ့ ကျန်းမာရေးအတွက် အပူအအေးမျှတမှုရှိစေရေး သင့်တော်လုံလောက်တဲ့ အစီအမံတွေ ဆောင်ရွက်ထားရမယ်ဆိုပြီး လည်းကောင်း၊ အလုပ်ရုံရှိအခန်းမှာ အလုပ်သမားတွေရဲ့ ကျန်းမာရေးကို ထိခိုက်မှုဖြစ်စေနိုင်လောက်တဲ့ လူထူထပ်ခြင်း မရှိစေရဆိုပြီး လည်းကောင်း၊ အလုပ်ရုံတိုင်းမှာ နွေရာသီ၌ သောက်ရေကို အေးအောင် စီမံထားရှိရမယ်ဆိုပြီး လည်းကောင်း ဖော်ပြထားပြီးဖြစ်တဲ့အတွက် လုပ်ငန်းပိုင်ရှင်တွေအနေနဲ့ အလေးထားဆောင်ရွက်သွားဖို့လိုပါတယ်။

လုပ်ငန်းခွင်အတွင်း လေထုရဲ့ အပူချိန်ကို သာမက စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်မှုရှိအောင် စီမံထားခြင်း၊ လုပ်ငန်းဆောင်ရွက်ရတဲ့ ကြာမြင့်ချိန်၊ အလုပ်လုပ်ရတဲ့နှုန်းနဲ့ အလုပ်သမားရဲ့ ဝတ်စားဆင်ယင်မှု စတာတွေကလည်း ထည့်သွင်းစဉ်းစားသင့်တဲ့ အချက်တွေပဲဖြစ်ပါတယ်။ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်ပါက အပူကြောင့် သတိလစ်ခြင်း ဖြစ်ပေါ်နိုင်တဲ့အတွက် လုပ်ငန်းခွင်တွေမှာ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အောက်ဖြစ်စေရေး အပူချိန်ထွက်ရှိတဲ့ လုပ်ငန်းစဉ်တွေ၊ လုပ်ငန်းခွင် ပတ်ဝန်းကျင်အခြေအနေတွေနဲ့ အလုပ်သမားတွေရဲ့ နေထိုင်မှုဘဝပုံစံတွေကို ဆန်းစစ်အကဲဖြတ်ပြီး အပူဒဏ်အန္တရာယ်ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ လုပ်ငန်းခွင်တွေအတွက် အပူဒဏ်လျော့နည်းစေဖို့ ပြင်ဆင်ဆောင်ရွက်ရမယ့် နည်းလမ်းအချို့ကို ဗဟုသုတရရှိစေဖို့နဲ့ လိုက်နာကျင့်သုံးစေဖို့ မျှဝေပေးလိုပါတယ်။

အပူမြင့်မားစွာ ထွက်ရှိတဲ့ အလုပ်အမျိုးအစား၊ ပြုလုပ်မှုလုပ်ငန်းစဉ်တို့ကို တတ်နိုင်သမျှ လုပ်ငန်းခွင်နဲ့ သီးခြားထားရှိပေးရမှာဖြစ်ပြီး သီးခြားထားရှိပေးဖို့မဖြစ်နိုင်ရင် အဆိုပါအလုပ်အမျိုးအစား၊ ပြုလုပ်မှုလုပ်ငန်းစဉ်တို့ကို ထိရောက်တဲ့နည်းလမ်းတွေ (ဥပမာ-လေစုပ်ပန်ကာ၊ လေမှုတ်ပန်ကာများတပ်ဆင်ခြင်း) နဲ့ အပူချိန်လျော့ချနိုင်မှာဖြစ်ပါတယ်။

**လေဝင်လေထွက်ကောင်းမွန်မှုဟာလည်း အရေးပါတဲ့ကဏ္ဍ တစ်ရပ်ဖြစ်**

စက်ရုံ၊ အလုပ်ရုံရဲ့ အမိုးပေါ်ကို ရေဖျန်းတဲ့စနစ်၊ လုပ်ငန်းခွင်အတွင်း ရေနဲ့အအေးပေးတဲ့စနစ် (Water Curtain System)၊ အပူဒဏ်လျော့ပါးစေတဲ့ အမိုးတွေနဲ့ တပ်ဆင်ခြင်း သို့မဟုတ် အမိုးကို မြှင့်တင်ခြင်း သို့မဟုတ် အမိုးနှစ်ထပ်ထားခြင်း၊ အပူဒဏ်ကာကွယ်နိုင်တဲ့ မျက်နှာကြက် တပ်ဆင်ပေးခြင်း၊ နံရံ၊ ခေါင်မိုး၊ ပြတင်းပေါက်တွေကို အပူစုပ်ယူမှု နည်းတဲ့အရောင် ပြောင်းလဲသုတ်ခြင်းဖြင့် လုပ်ငန်းခွင်အတွင်း အပူချိန်ကို လျော့ကျစေပြီး သက်သောင့်သက်သာဖြစ်တဲ့ လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ဒါ့အပြင် ချွေးထွက်ရင် လူ့ခန္ဓာကိုယ်အတွင်းက အပူချိန်ကို လျော့ချနိုင်တဲ့အတွက် လေထုစိုထိုင်းဆမြင့်မားခြင်း သို့မဟုတ် လေဝင်လေထွက် ကောင်းမွန်မှုမရှိတဲ့ အခြေအနေတွေမှာ ခန္ဓာကိုယ်အရေပြားက ချွေးထွက်မှု လျော့နည်းနိုင်ပြီး အပူချိန်မြင့်တက်လာနိုင်တဲ့အတွက် လေဝင်လေထွက်ကောင်းမွန်မှုဟာလည်း အရေးပါတဲ့ကဏ္ဍ တစ်ရပ် ဖြစ်ပါတယ်။

လုပ်ငန်းခွင်အတွင်း လေဝင်လေထွက်လမ်းကို ပိတ်ဆို့နေတဲ့ အရာတွေကို ဖယ်ရှားခြင်း သို့မဟုတ် လုပ်ငန်းခွင် စက်ကိရိယာနေရာချထားမှုပုံစံကို ပြောင်းလဲခြင်း၊ လိုအပ်ရင် ပြတင်းပေါက်၊ တံခါးပေါက်တွေ ထပ်မံစီစဉ်ပေးခြင်း၊ လုပ်ငန်းခွင်သဘာဝနဲ့ သင့်တော်တဲ့ မတ်တတ်ပန်ကာ၊ လေစုပ်ပန်ကာ၊ မျက်နှာကြက်ပန်ကာတွေ တပ်ဆင်ပေးခြင်းဖြင့် လေဝင်လေထွက်ကောင်းမွန်ပြီး အပူချိန်မြင့်မားမှုကိုလည်း လျော့ချနိုင်မှာဖြစ်ပါတယ်။

စာမျက်နှာ ၂၁ သို့ ✪

**❝ လုပ်ငန်းခွင်မှာ လှုပ်ရှားလုပ်ကိုင်နေတဲ့ လုပ်သားတွေဟာ ပြင်ပအပူချိန်သာမက လုပ်ငန်းခွင်မှာ အသုံးပြုလုပ်ကိုင်နေတဲ့ စက်ကိရိယာတွေ၊ လုပ်ငန်းစဉ်တွေကနေ ထွက်ရှိတဲ့ အပူချိန်တွေ၊ အချို့လုပ်သားအင်အားများပြားတဲ့ လုပ်ငန်းတွေမှာ လူကနေထွက်ရှိတဲ့ အပူချိန်တွေနဲ့ အပူဒဏ်တွေကို ပိုခံစားရနိုင်ပါတယ်။ ဒီလို အလုပ်သမားတွေမှာ အပူဒဏ်ကြောင့် နာမကျန်းဖြစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ အန္တရာယ်တွေခံစားရမယ်ဆိုပါက လုပ်ငန်းဆောင်ရွက်တဲ့အပေါ်မှာ အာရုံစူးစိုက်မှု၊ စိတ်ဝင်စားမှုလျော့နည်းပြီး အလုပ်လုပ်နိုင်စွမ်းလျော့နည်းခြင်း၊ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိခြင်း စတဲ့အကျိုးဆက်တွေ ဖြစ်ပေါ်နိုင် ❞**

❂ စာမျက်နှာ ၂၀ မှ

လုပ်ငန်းသဘာဝအရ အမိုးအကာမရှိဘဲ သို့မဟုတ် ကွင်းပြင်မှာ လုပ်ကိုင်ဖို့ရှိပါက အလုပ်ချိန်ကို အပြောင်းအလဲပြုလုပ်ပြီး အပူချိန်လျော့နည်းတဲ့ အချိန် (နံနက်စောစော၊ ညနေပိုင်း)မှာ လုပ်ကိုင်စေခြင်း သို့မဟုတ် ယာယီအမိုးမိုးပြီး လုပ်ကိုင်ဆောင်ရွက်စေဖို့အတွက် တာဝန်ရှိသူတွေက ကြီးကြပ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့ လုပ်ငန်းစဉ်မှထွက်ရှိတဲ့ အပူချိန်၊ လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေတို့နဲ့ ပတ်သက်လို့ စီမံဆောင်ရွက်ပေးတဲ့အပြင် အလုပ်သမားတွေ နေထိုင်မှုနဲ့ လုပ်ကိုင်ရမှုအခြေအနေတွေကိုလည်း စီမံခန့်ခွဲပေးသင့်ပါတယ်။ ဆိုလိုတာက အလုပ်သမားတွေကို အပူဒဏ်သက်သာစေမယ့် ချည်ထည်အင်္ကျီလက်ရှည်၊ ပြင်ပမှာ လုပ်ကိုင်ရရင် ဦးထုပ်ဆောင်းပြီး လုပ်ကိုင်စေခြင်း၊ အလုပ်ပမာဏနဲ့ လုပ်ငန်းသဘာဝအပေါ် မူတည်ပြီး အလုပ်လုပ်ချိန်နဲ့ နားချိန်တို့ကို အလှည့်ကျစီစဉ်တဲ့စနစ် ကျင့်သုံးခြင်းတွေကို တာဝန်ရှိသူတွေက ကြီးကြပ်စီမံပေးခြင်းဖြင့် အလုပ်သမားမှာ အပူဒဏ်အန္တရာယ် ခံစားရမှုလျော့နည်းကျဆင်းလာမှာဖြစ်ပါတယ်။

**အပူဒဏ်အန္တရာယ်**
**လျော့နည်းစေရေး စီမံဆောင်ရွက်**

စက်ရုံ၊ အလုပ်ရုံရှိ လုပ်သားတွေအပြင် အပူဒဏ်ကို တိုက်ရိုက်ခံစားရတဲ့ နေပူထဲမှာ သွားလာလှုပ်ရှားလုပ်ကိုင်လျက်ရှိတဲ့ လုပ်သားတွေကလည်း (ဥပမာ – ဆောက်လုပ်ရေးလုပ်သားတွေ၊ ပစ္စည်းပို့ဆောင်သူတွေ) အပူဒဏ်အန္တရာယ်ကို သတိထားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ယနေ့အချိန်အခါမှာ ပစ္စည်းပို့ဆောင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ကျယ်ပြန့်စွာ လုပ်ကိုင်လာလျက်ရှိရာ အဆိုပါပစ္စည်းတွေကို မော်တော်ဆိုင်ကယ်၊ စက်ဘီးတွေနဲ့ လိုက်လံပို့ဆောင်ပေးသူတွေဟာ အပူချိန်အောက်မှာ သွားလာလှုပ်ရှားနေရတဲ့အတွက် အပူဒဏ်အန္တရာယ် လျော့နည်းစေရေးအတွက် စီမံဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

**“အပူဒဏ်အန္တရာယ်မဖြစ်စေရေး ကြိုတင်ကာကွယ်ရမယ့် နည်းလမ်းတွေ စီမံဆောင်ရွက်ပေးသလို အပူဒဏ်ကြောင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်တွေ ကြုံတွေ့လာရင် တုံ့ပြန်နိုင်ရေးကိုလည်း လေ့လာပြင်ဆင်ထားရမှာဖြစ်ပါတယ်။ အလုပ်သမားမှာ ပင်ပန်းနွမ်းလျခြင်း ရောဂါလက္ခဏာတွေ တွေ့ရှိရင် “လူနာသည် တင်းကျပ်သည့် အဝတ်အစားများ ဝတ်ထားပါက အဝတ်အစားများကို ချွတ်ပေးပြီး အရိပ်ရ၍ အေးမြသောနေရာ သို့မဟုတ် လေပန်ကာ သို့မဟုတ် လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။ လူနာအား ရေအေးအေးချိုးပေးပါ။ သို့မဟုတ် ရေခဲရေဖြင့် ရေပတ်တိုက်ပေးပါ။ လူနာကောင်းစွာ သတိရပါက ရေ သို့မဟုတ် ဓာတ်ဆားရည်တိုက်ပါ” ဟု ကျန်းမာရေးဝန်ကြီးဌာနက လမ်းညွှန်ထား”**

National University of Singapore တက္ကသိုလ်ရှိ Heat Resillence & Performance Center က **ပစ္စည်းတွေကို စက်ဘီးနဲ့ လိုက်လံပို့ဆောင်သူတွေရဲ့ အပူဒဏ်ခံစားရမှု ထိန်းညှိနိုင်ရေး သုတေသနတစ်ခု ဆောင်ရွက်ခဲ့ပြီး ပစ္စည်းပို့ဆောင်သူကို အပူလွန်ကဲမှုအန္တရာယ်ကနေ ကာကွယ်ပေးဖို့ Inges-tible Temperature Capsules တွေ သောက်စေခြင်း၊ အပူချိန်ပြင်းထန်လာပါက ရေသောက်ဖို့နဲ့ အနားယူဖို့ အချက်ပြသတိပေးတဲ့ Sensor တွေ လက်မောင်းမှာ ထည့်သွင်းခြင်းနဲ့ နောင်မှာရွှေ့လျားနိုင်တဲ့ အအေးခန်းတွေ (Mobile Cooling Centre) ဆောင်ရွက်နိုင်ဖို့ စမ်းသပ်လျက်ရှိကြောင်း ဆွေးနွေးပွဲတစ်ခုမှာ မှတ်သားခဲ့ရပါတယ်။**

**နည်းပညာအသုံးပြုဖြေရှင်းနိုင်ရေး**
**ကြိုးစားဆောင်ရွက်လျက်ရှိ**

အပူဒဏ်သက်ရောက်မှုကို စီမံခန့်ခွဲနိုင်ရင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု၊ နာမကျန်းဖြစ်မှုတွေကို ကြိုတင်တားဆီးကာကွယ်နိုင်ပြီး ကုန်ထုတ်စွမ်းအား တည်ငြိမ်နိုင်မှာဖြစ်တဲ့အတွက် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ အပူဒဏ်သက်ရောက်မှုအန္တရာယ်ကို နည်းပညာအသုံးပြုဖြေရှင်းနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိတာကို လေ့လာသိရှိခဲ့ရပါတယ်။

အပူဒဏ်အန္တရာယ် မဖြစ်စေရေး ကြိုတင်ကာကွယ်ရမယ့် နည်းလမ်းတွေ စီမံဆောင်ရွက်ပေးသလို အပူဒဏ်ကြောင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်တွေ ကြုံတွေ့လာရင် တုံ့ပြန်နိုင်ရေးကိုလည်း လေ့လာပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။ အလုပ်သမားမှာ ပင်ပန်းနွမ်းလျခြင်း ရောဂါလက္ခဏာတွေ တွေ့ရှိရင် **“လူနာသည် တင်းကျပ်သည့် အဝတ်အစားများ ဝတ်ထားပါက အဝတ်အစားများကို ချွတ်ပေးပြီး အရိပ်ရ၍ အေးမြသောနေရာ သို့မဟုတ် လေပန်ကာ သို့မဟုတ် လေအေးပေးစက်ရှိသော အခန်းသို့ ရွှေ့ပြောင်းပါ။ လူနာအား ရေအေးအေး ချိုးပေးပါ။ သို့မဟုတ် ရေခဲရေဖြင့် ရေပတ်တိုက်ပေးပါ။ လူနာကောင်းစွာ သတိရပါက ရေ သို့မဟုတ် ဓာတ်ဆားရည်တိုက်ပါ”** ဟု ကျန်းမာရေးဝန်ကြီးဌာနက လမ်းညွှန်ထားပါတယ်။

လုပ်ငန်းခွင်အတွင်း အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ကြုံတွေ့ရပါက အရေးပေါ်ဆောင်ရွက်ရမယ့်အချက်တွေနဲ့ ပတ်သက်လို့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်ကနေ ပုံပါအတိုင်း လမ်းညွှန်ထားမှုကို ဗဟုသုတရရှိစေဖို့ အလို့ငှာ ကိုးကားဖော်ပြလိုက်ရပါတယ်။

များမကြာမီကာလမှာ နွေရာသီဟာ နွေပီသစွာနဲ့ ပူပြင်းခြောက်သွေ့တဲ့ ရာသီအဖြစ် ပုံပေါ်တော့မှာဖြစ်တဲ့အတွက် နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျတဲ့ လုပ်သားထုကြီးအတွက် အပူဒဏ်ခံစားရမှုလျော့နည်းတဲ့ လုပ်ငန်းခွင်တွေဖြစ်စေရေး စီမံခန့်ခွဲပေးခြင်းဟာ ကုန်ထုတ်စွမ်းအား တိုးတက်စေရေးအတွက် အထောက်အကူတစ်ရပ် ဖြစ်စေတဲ့အတွက် ကျွန်တော်တို့လို စစ်ဆေးရေး အရာရှိတွေအပါအဝင် လုပ်ငန်းပိုင်ရှင်တွေနဲ့ သက်ဆိုင်သူတွေအားလုံး အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း တိုက်တွန်းပြောကြားလိုက်ရပါတယ်။ ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကိုပါ လုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်းမပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။



နေရောင်ခြည်နှင့်မထိတွေ့စေရန်ထီး၊ဦးထုပ် ဆောင်းပါ။

ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

နေပူထဲသွားပါက နေကာမျက်မှန် တပ်ဆင်ပါ။

နေပူထဲသွားပါက နေရောင်ခံလိမ်းဆေး လိမ်းပါ။

မတ်လ၊ ၂၀၂၅ခုနှစ်

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခမ်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅–၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါးဖော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်း ဦးစီးဌာန**

# ယွန်ဆက်ယိုးအား သမ္မတရာထူးမှ ဖယ်ရှားပြီးနောက် သမ္မတ ရွေးကောက်ပွဲကို ဇွန် ၃ ရက်တွင် ကျင်းပဖွယ်ရှိ




ဆိုးလ် ဧပြီ ၅

တောင်ကိုရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးသည် ယွန်ဆက်ယိုးအား သမ္မတရာထူးမှ ဖယ်ရှားရန် စီရင်ချက်ချပြီးနောက် သမ္မတ ရွေးကောက်ပွဲကို ဇွန် ၃ ရက်တွင် ကျင်းပနိုင်ဖွယ်ရှိ ကြောင်း ပြည်တွင်းမီဒီယာများက ယနေ့သတင်း ဖော်ပြသည်။

ယွန်ဆက်ယိုးအား စွပ်စွဲမှုနှင့်ပတ်သက်ပြီး တရားသူကြီး ရှစ်ဦးက တညီတညွတ်တည်း ဆုံးဖြတ် ချက်ချမှတ်ခဲ့သည့်အတွက် တရားဝင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဧပြီ ၄ ရက်တွင် ဆုံးဖြတ်ခဲ့သည်။

ယွန်ဆက်ယိုးသည် ဒီဇင်ဘာလတွင် စစ်အုပ် ချုပ်ရေးအမိန့်ကို ကြေညာခဲ့ခြင်းအပေါ် လွှတ်တော် အမတ်များက ၎င်းအား အပြစ်ရှိ၊ မရှိ မဲခွဲဆုံးဖြတ်ခဲ့ ကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေး အမိန့်ကြေညာချက်သည် တောင်ကိုရီးယားပြည်သူများ၏ အခြေခံအခွင့်အရေး များကို ချိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း တရားရုံးက ပြောကြားသည်။

မှတ်ချက်ပြုပြောကြား

အမျိုးသားအရေးပေါ်အာဏာကို အလွဲသုံးစား လုပ်ခဲ့ခြင်းအားဖြင့် လူ့အဖွဲ့အစည်း၊ စီးပွားရေး၊ နိုင်ငံရေးနှင့် သံတမန်ရေးနယ်ပယ်အားလုံးတွင် မငြိမ်မသက်ဖြစ်စေကြောင်း တရားသူကြီးများက မှတ်ချက်ပြုပြောကြားသည်။

ထို့ပြင် ယွန်ဆက်ယိုးသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကာကွယ်စောင့်ရှောက်ရန် ၎င်း၏တာဝန်ကို ပျက်ကွက်ခဲ့ပြီး ပြည်သူများ၏ယုံကြည်မှုအပေါ် သစ္စာဖောက်ခဲ့ကြောင်းလည်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတရာထူးမှ ဖယ်ရှားခံရပြီးနောက် ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲကို ကျင်းပရမည်ဟု ပြဋ္ဌာန်းထားသည်။ နောက်ဆုံးသတ်မှတ်ရက်သည် ဇွန် ၃ ရက်နေ့တွင် ကျရောက်မည်ဖြစ်သည်။ အဆိုပါနေ့တွင် ပြည်သူ များက ဆန္ဒမဲပေးရန် မျှော်လင့်ထားကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းဖော်ပြသည်။

အာဏာရနှင့် အတိုက်အခံအုပ်စုများသည် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း သိရ သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# တရုတ်နိုင်ငံက အမေရိကန် ကုန်ပစ္စည်းအားလုံးအပေါ် ထပ်ဆောင်းအခွန် ၃၄ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမည်

ပေကျင်း ဧပြီ ၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ စည်းကြပ် ခွန် တိုးမြှင့်ကောက်ခံမှုကို တန်ပြန်သည့်အနေဖြင့် အမေရိကန်ကုန်ပစ္စည်းများအပေါ် ထပ်လောင်း အခွန်စည်းကြပ်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ကန့်သတ် ချက်အချို့ကို ချမှတ်ခဲ့ကြောင်း တရုတ်ဘဏ္ဍာရေး ဝန်ကြီးဌာနက ယနေ့ ကြေညာသည်။

ဧပြီလ ၁၀ ရက်မှစပြီး အမေရိကန်ကုန်ပစ္စည်း အားလုံးအပေါ် ထပ်ဆောင်းအခွန် ၃၄ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဌာနက ပြောကြားသည်။

တရုတ်အကောက်ခွန်ဌာနသည် အမေရိကန် ကုမ္ပဏီ သုံးခုမှ ဂျုံမှုန့်၊ ခာတ်မြေဩဇာနှင့် မွေးမြူရေး ကြက်များ တင်သွင်းမှုအပေါ် ချက်ချင်းဆိုင်းငံ့လိုက် ခြင်းကြောင့် နှစ်နိုင်ငံ လယ်ယာကုန်သွယ်မှုတွင် ထိခိုက်မှုတစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။

တရုတ်အစိုးရ၏ ရည်ရွယ်ချက်မှာ သက်ဆိုင်ရာ ကုန်ပစ္စည်းများအပေါ် တင်ပို့မှုထိန်းချုပ်ခြင်းအား ဥပဒေနှင့်အညီ အကောင်အထည်ဖော်ရန်ဖြစ်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အကျိုးစီးပွားများကို ပိုမို ကောင်းမွန်စွာ ကာကွယ်ရန်ဖြစ်ကြောင်း တရုတ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်သို့ တရုတ်ပို့ကုန်များအပေါ် အပြန် အလှန်အကောက်ခွန်များစည်းကြပ်ရန် အမေ ရိကန်၏ ဆုံးဖြတ်ချက်သည် နိုင်ငံတကာကုန်သွယ် ရေးစည်းမျဉ်းများနှင့် မကိုက်ညီကြောင်းနှင့် တရုတ် ၏တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများကို ဆိုးရွားစွာ ထိခိုက်စေကြောင်း နိုင်ငံတော်ကောင်စီ၏ အကောက်ခွန်ကော်မရှင်က ဧပြီ ၄ ရက်တွင် ကြေညာ ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ပြုံယမ်းနိုင်ငံတကာမာရသွန်ပြိုင်ပွဲ ဧပြီ ၆ ရက်တွင် ကျင်းပမည်

ပြုံယမ်း ဧပြီ ၅

မြောက်ကိုရီးယားနိုင်ငံ ပြုံးယမ်းမြို့တော်၌ ကျင်းပမည့် နိုင်ငံတကာ မာရသွန်ပြိုင်ပွဲသို့ ပါဝင် ဆင်နွှဲရန် နိုင်ငံတကာမှ အပြေးသမားများသည် တရုတ်နိုင်ငံမှ ပြုံယမ်းသို့ လေကြောင်းခရီးဖြင့် ယမန် နေ့ကထွက်ခွာခဲ့ကြောင်း သိရသည်။

ပြုံယမ်း နိုင်ငံတကာမာရသွန်ပြိုင်ပွဲသည် ခေါင်းဆောင် ကင်ဂျုံအန်၏ အဘိုးဖြစ်သည့် မြောက် ကိုရီးယားနိုင်ငံတည်ထောင်သူ ကင်အီဆွန်း၏ ဧပြီ ၁၅ ရက်နေ့တွင် ကျရောက်မည့်မွေးနေ့ကို ဂုဏ်ပြု သည့် ပွဲတစ်ခုဖြစ်သည်။

၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်ကျင်းပသည့် ပြုံယမ်းနိုင်ငံတကာမာရသွန် ပြိုင်ပွဲကို ဧပြီ ၆ ရက်တွင် ကျင်းပမည့်ဖြစ်ကြောင်း မြောက်ကိုရီးယား ကာယယဉ်ကျေးမှုနှင့် အားကစား ဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံရှိ ခရီးသွားအေဂျင်စီတစ်ခုက နိုင်ငံ နှင့် ဒေသပေါင်း ၄၀ ကျော်မှ အပြေးသမားများထံမှ ပြုံယမ်းမာရသွန်ပြိုင်ပွဲအတွက် လျှောက်လွှာများ လက်ခံရရှိထားကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း နိုင်ငံခြားသားခရီးသွားများ ဝင်ရောက် မှုအပေါ် ပြင်းထန်စွာ ကန့်သတ်ချက်များ ချမှတ် ထားသည်။

သို့သော် မကြာသေးမီက နိုင်ငံခြားသား ခရီး သွားများ ဝင်ရောက်ခွင့်ပြုခြင်းအပါအဝင် အခြား သောထိန်းချုပ်မှုများကို ပြန်လည်ဖြေလျှော့ပေး ခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်




# အစ္စရေးတပ်ဖွဲ့က စစ်ဘေးဒုက္ခသည်များ ခိုလှုံနေသည့် စာသင်ကျောင်းတစ်ကျောင်းကို လေကြောင်းမှ တိုက်ခိုက်

ဂါဇာစီးတီး ဧပြီ ၅

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့က စစ်ဘေးဒုက္ခသည်များ ခိုလှုံနေသည့် စာသင်ကျောင်းတစ်ကျောင်းကို လေကြောင်းမှ တိုက်ခိုက် ခဲ့ရာ ကလေးငယ်များအပါအဝင် ၃၁ ဦး အနည်းဆုံး သေဆုံးခဲ့ကြောင်း ဂါဇာအရပ်ဘက်ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ဂါဇာစီးတီးအရှေ့မြောက်ဘက် အယ်လ်တာဖက်ရှ်ရပ်ကွက်ရှိ ဒါအယ်လ်အာကွမ် စာသင်ကျောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသူများ တွင် အမျိုးသမီးနှင့် ကလေးငယ်များပါဝင်ကြောင်း အေဂျင်စီပြောရေး ဆိုခွင့်ရှိသူ မာမွတ်ဘာဆယ်လ်က ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုအတွင်း အခြား ၁၀၀ ကျော် ဒဏ်ရာရခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ဂါဇာမြို့တော်ဇရီယာရှိ ဟားမတ်စ်ကွပ်ကဲမှုဗဟိုဌာနကို တိုက်ခိုက် ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်က ထုတ်ပြန်ခဲ့သည်။

ပြောကြား

အစ္စရေးအရပ်သားများနှင့် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ဟားမတ်စ်အဖွဲ့သည် ကွပ်ကဲမှုနှင့်ထိန်းချုပ်ရေး စင်တာကို အသုံးပြုခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြား သည်။

ကွပ်ကဲမှုနှင့်ထိန်းချုပ်ရေးစင်တာနှင့် စာသင်ကျောင်းအဆောက် အအုံတို့သည် အသွင်ပုံစံတူညီခြင်းရှိ၊ မရှိ ဆိုသည်ကိုမူ ရှင်းလင်းစွာ မသိရပေ။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဂါဇာကမ်းမြောင်၌ စစ်ပွဲများစတင်ဖြစ်ပွားပြီးကတည်းက ထောင်နှင့်ချီသော ပါလက်စတိုင်း တို့သည် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး စာသင်ကျောင်းများနှင့် အခြား အဆောက်အအုံများတွင် ခိုလှုံနေကြရသည်။

အစ္စရေးက မတ် ၁၈ ရက်တွင် အကြီးစားတိုက်ခိုက်မှုများ ပြန်လည် စတင်ခဲ့ပြီးနောက် ပါလက်စတိုင်းပိုင်နက်တွင် လူပေါင်း ၁၁၆၃ ဦး သေဆုံးခဲ့ပြီး စစ်ပွဲစတင်ချိန်မှစ၍ စုစုပေါင်းသေဆုံးသူ ၅၀၅၂၃ ဦးအထိ ရှိလာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်းနှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်းတို့မှ သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲကျင်းပ

**ပုသိမ် မေ ၅**

ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာ သင်တန်း Dip.EP(၁/၂၀၂၅)နှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT (၁၂/၂၀၂၅) သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းက ဘိုကလေးပညာရေး ဒီဂရီကောလိပ် ပညာဂုဏ်ရည်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘိုကလေးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က "ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ ပညာရေးဒီဂရီကောလိပ် သုံးခုတွင် ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာ သင်တန်း Dip.EP(၁/၂၀၂၅)နှင့် လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာသင်တန်း PPTT (၁၂/၂၀၂၅) သင်တန်းများကို ဖွင့်လှစ်လျက်ရှိကြောင်း၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအနေဖြင့် သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကိုသိရှိပြီး ပြီးမြောက်အောင်မြင်အောင် သင်တန်းတက်ရောက်ကြရန်၊ အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများ ဖြစ်စေရေး စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များဖြစ်စေရေး လေ့ကျင့်သင်ကြားပေးကြရန် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ဘိုကလေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဘိုကလေး ပညာရေးဒီဂရီကောလိပ်တွင် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာသင်တန်း Dip.EP အမှတ်စဉ် (၁/၂၀၂၅) သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၃၇ ဦးနှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT (၁၂/၂၀၂၅)တွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၈၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော မြဝတီမြို့နယ် ဘောလုံးအသင်းအား ဂုဏ်ပြုဆုချီးမြှင့်



**မြဝတီ မေ ၅**

၂၀၂၅ ခုနှစ် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ၌ တတိယဆုရရှိခဲ့သော မြဝတီမြို့နယ် ဘောလုံးအသင်းအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြဝတီမြို့နယ် အောင်ပွဲရ ဘောလုံးအားကစားသမားများအား ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်၊ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်မြင့်၊ မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ခရိုင်စီမံအဖွဲ့ဝင် (၂) ဦးစိန်သောင်း၊ မြဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ မြဝတီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးတို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးပြီး အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ၂၀၂၅ ခုနှစ် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် အသင်း ခုနစ်သင်းတို့က မတ် ၂၅ ရက်မှ မေ ၃ ရက်အထိ ကရင်ပြည်နယ် ဖွဲ့ကပင်ကွင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၅ | ၄၅၀၅ | ၃၃၆၅ | ၃၀၉၀ | ၃၀၉၀ | ၃၁၆၀ | ၃၁၂၅ | ၃၁၅၀ | ၃၄၀၅ |
| 95 Ron | ၃၀၅၀ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၂၀ | ၄၅၆၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၁၉၅ | ၃၄၅၅ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၉၅ | ၂၆၆၀ | ၂၅၉၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၃၀ | ၂၆၅၀ | - | ၂၉၄၅ | ၂၆၇၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၀၅ | ၂၇၂၅ | ၂၉၈၅ |
| HSD (50 ppm) | ၃၁၉၀ | ၃၃၀၅ | ၃၂၇၀ | ၃၂၀၅ | ၃၃၁၀ | ၃၃၂၅ | ၃၃၄၀ | ၃၂၆၀ | ၄၈၃၀ | ၃၅၅၅ | ၃၂၈၀ | ၃၂၈၀ | ၃၃၅၀ | ၃၃၁၅ | ၃၃၃၅ | ၃၅၉၅ |
| HSD (10 ppm) | ၃၁၉၀ | ၃၃၀၅ | ၃၂၇၀ | ၃၂၀၅ | ၃၃၁၀ | ၃၃၂၅ | ၃၃၄၀ | ၃၂၆၀ | - | ၃၅၅၅ | ၃၂၈၀ | ၃၂၈၀ | ၃၃၅၀ | ၃၃၁၅ | ၃၃၃၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၃၃ | ၂၉၂၃ |
| 95 Ron | ၂၈၈၀ | ၂၉၇၁ |
| HSD (500 ppm) | ၂၄၂၃ | ၂၅၀၁ |
| HSD (50 ppm) | ၃၀၁၅ | ၃၁၀၅ |
| HSD (10 ppm) | ၃၀၁၅ | ၃၁၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် နွေရာသီ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဆင်း

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် နွေရာသီ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဆင်းပွဲ အခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ အင်းစိန်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရွှေယမင်းဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းမူက နွေရာသီ အခြေခံပန်းချီသင်တန်းတွင် စိတ်ပါဝင်စားစွာ သင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ချီးကျူးဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ နွေရာသီအခြေခံပန်းချီသင်တန်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး သင်တန်းနည်းပြ ဆရာများအတွက် ဂုဏ်ပြုလက်ဆောင်ကို ဦးစီးအရာရှိက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# မော်လမြိုင်-ရန်ကုန်သွား မီးရထားလမ်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် မေ ၅**

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသောနေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ အလစ်အငိုက် လုပ်ဆောင်လျက်ရှိသည်။

**ကောင်းမွန်စွာဖြတ်သန်းသွားလာနိုင်**


တပ်မတော်အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ငလျင်ဘေးဒဏ်ကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကာလကို ထုတ်ပြန်ထားပြီး ဖြစ်သော်လည်း KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက် ၇ နာရီခန့်တွင် မွန်ပြည်နယ် ဘီးလင်းမြို့၏ အနောက်မြောက်ဘက် မီတာ ၁၁၀၀၀ ခန့်အကွာရှိ မိုင်တိုင်အမှတ် (၁၀၇/၉) နှင့် မိုင်တိုင်အမှတ် (၁၀၇/၁၀) ကြား အရှည်ပေ ၄၀ ရှိ သံပေါင်အမျိုးအစား တံတားအမှတ်(၅၉)နေရာ မော်လမြိုင်– ရန်ကုန်သွား မီးရထားလမ်းအား ဒေသန္တရလက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့ရာ တံတားအောက်ခြေတိုင် နှစ်ပေခွဲခန့် ကွဲအက်ပျက်စီးခဲ့ကြောင်းနှင့် အဆိုပါပျက်စီးမှုများကြောင့် မီးရထားများ ဖြတ်သန်းသွားလာမှုကို မထိခိုက်စေဘဲ ကောင်းမွန်စွာ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

ငလျင်ဘေးဒဏ်ကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့်ကာလအတွင်းတွင် ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သောနေရာများ၌ အကြမ်းဖက်လုပ်ဆောင်ခြင်းများသည် ပြည်သူများအား ပိုမိုအထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ သွားလာမှုခက်ခဲစေရန်နှင့် ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းများဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားအောက်ခြေတိုင် ပျက်စီးခဲ့မှုနှင့် မီးရထားများ စမ်းသပ်သွားလာမှုတို့ကို တွေ့ရစဉ်။

မော်လမြိုင်– ရန်ကုန်သွား မီးရထားလမ်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သည့် နေရာပြပုံ








မော်လမြိုင်– ရန်ကုန်သွား မီးရထားလမ်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့် ဖောက်ခွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။





# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၃ ရက်တွင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းကျေးရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀) ကိုလည်းကောင်း၊ မေ ၄ ရက်တွင် မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၅၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၈၀၅၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၈၀၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

**သိမ်းဆည်းအရေးယူ**

ထို့အပြင် မေ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၆၂၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၆၃၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Khittara MPV Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၁၆၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Toe Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၂၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၈၆၉၅၁) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၉၃၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၇၉၉၅၁ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၀၈၃၂၅၁) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မေ ၅**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မိုးကောင်းဘုရားကြီး ပရိဝုဏ်အတွင်းနှင့် နောင်ယားကန်သာ သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှု**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက် မိုးကောင်းဘုရားကြီး ပရိဝုဏ်အတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ကုသိုလ်ပြုသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ထို့နောက် ဘုရားပရိဝုဏ်အတွင်း တည်ထားသည့် စေတီတော်၊ ရင်ပြင်နှင့် တံခွန်တိုင်၊ ဂြိုဟ်တိုင်များ ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး၊ မိုးကောင်းဘုရားကြီး ဓမ္မာရုံမျက်နှာကြက်များပြုပြင်ရေးနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နောင်ယားကန်သာ သန့်ရှင်းသာယာလှပစေရေးနှင့် ပြည်သူများအပန်းဖြေအနားယူလည်ပတ်နိုင်ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး နောင်ယားကန်တံတား ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းရန်နှင့် ကန်ပတ်ဝန်းကျင်တွင် ဆောင်ရွက်ထားသည့် မြေယာရှုခင်းများ စနစ်ကျလှပရေး စဉ်ဆက်မပြတ်ထိန်းသိမ်းရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်း

**မော်လမြိုင် မေ ၅**

ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မွန်ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားတွင် မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးတို့၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် ပြည်နယ်ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်က ဥပဒေရေးရာဝန်ကြီးဌာန ဦးစီးဌာနငါးခု၏ ခြောက်လတာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး တက်ရောက်လာသော ဥပဒေအရာရှိများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အခက်အခဲများကို တင်ပြခဲ့ကြရာ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေအရာရှိတို့က ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# ထားဝယ်မြို့၌ ကျန်းမာရေးမှူး(၄) စာတွေ့သင်တန်း အောင်လက်မှတ်ပေးအပ်

**ထားဝယ် မေ ၅**

တနင်္သာရီ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးမှူး(၄) စာတွေ့ သင်တန်း အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က သင်တန်းတွင် ကျန်းမာရေးမှူး(၄)များ အဓိကဆောင်ရွက်ရမည့် လုပ်ငန်း ရှစ်ခု၊ ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်း ရှစ်ခုနှင့် သုတေသနဆောင်ရွက်ခြင်းလုပ်ငန်း သုံးခုတို့ကို သင်ကြားပို့ချခဲ့ကြောင်း၊ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့်ရောဂါပိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ တီဘီနှင့် အနာကြီးလုပ်ငန်း၊ ခုခံကျ/ကာလသား လုပ်ငန်း၊ ပဏာမ မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ တိုးချဲ့ကာကွယ်ဆေးထိုး/ကူးစက်ရောဂါနှိမ်နင်းရေးလုပ်ငန်း၊ မကူးစက်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်း၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးလုပ်ငန်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများဖြစ်ကြောင်း၊ ယခုသင်တန်းဆင်းပြီးပါက မြို့နယ် လေးမြို့နယ်တွင် Field training တစ်နှစ်တာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် Field training တွင်လည်း ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း၊ မိမိတာဝန်ကျရာနေရာများတွင် ပြည်သူများအား တတ်စွမ်းသလောက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။




**သင်တန်းအောင်လက်မှတ်များပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဇော်က သင်တန်းအောင်လက်မှတ် ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ကာ သင်တန်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ဓာတ်အားခွဲရုံများအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ယင်းမြို့နယ်အတွင်းရှိ ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားမှု၊ မီတာဖတ်ရှုနေမှု၊ ဓာတ်အားခကောက်ခံရရှိမှု၊ ဓာတ်အားပျောက်ဆုံးမှု အခြေအနေများကို ကွင်းဆင်းကြပ်မတ်စစ်ဆေးခဲ့သည်။

**မှာကြား**

ထို့နောက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ရောက်ရှိစဉ် ဖီဒါအလိုက် ဓာတ်အားပျောက်ဆုံးမှု၊ မီတာဖတ်ရှုထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး တရားမဝင်ဓာတ်အားသုံးစွဲမှုများကို စိစစ်ဖော်ထုတ်အရေးယူရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် ဓာတ်အားခများ ပြည့်ပြည့်ဝဝကောက်ခံရရှိရေး တာဝန်ရှိသူအဆင့်ဆင့်က စီမံချက်ချမှတ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒဂုံတက္ကသိုလ်ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများ၊ ၆၆ /၁၁ ကေဗွီ YCDC ရေတွန်းစက်ခွဲရုံမီတာများ၊ ၁၂၅ ရပ်ကွက်သို့ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းထားမှု အခြေအနေများ၊ စိတ်ကျန်းမာရေးဆေးရုံရှိ ၃၃/၀.၄ ကေဗွီ ဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေးကာ လျှပ်စစ်အန္တရာယ်၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ ဓာတ်အားပြတ်တောက်မှုအနည်းဆုံးဖြင့် ဓာတ်အားပေးနိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ပြည်သူများ၏ လူမှုဒုက္ခများ တတ်နိုင်သမျှလျော့ပါးစေရေး အားလုံးက စေတနာထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**



လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

## အစည်းအဝေးဖိတ်ကြားခြင်း

Winner Golden Land Technology & Trading Co.,Ltd. မှ မူရင်းအစုရှယ်ယာ မတည်ငွေရင်း လျှော့ချခြင်းနှင့် ပတ်သက်၍ အစည်းအဝေး ကျင်းပမည်ဖြစ်သဖြင့် Winner Golden Land Technology & Trading Co.,Ltd. တွင် ပါဝင်သည့် ဒါရိုက်တာအဖွဲ့ဝင်များအားလုံး မပျက်မကွက် တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ဒေါ်မြတ်သီဂီ (ဒါရိုက်တာ)**
**Winner Golden Land Technology & Trading Co., Ltd.**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ညောင်ရင်းကျေးရွာနေ ဦးအောင်ဆန်းလွင် [၅/မမတ(နိုင်)၀၈၂၁၁၇]နှင့် ဒေါ်မေသူအောင် [၅/မမတ(နိုင်)၀၇၇၆၇၅]တို့၏သား မောင်နိုင်ရှင်း [၅/မမတ(နိုင်)၁၂၂၃၆] သည် ဖခင်နှင့်မိခင်တို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများ ပြုလုပ်ခဲ့ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ နောက်နောင်တွင် မောင်နိုင်ရှင်းနှင့် ပတ်သက်ဆက်နွှယ်သော ကိစ္စရပ်များ၊ အရှုပ်အရှင်းများနှင့် အခြားမည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း မောင်နိုင်ရှင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင် – ဦးအောင်ဆန်းလွင်**
**မိခင် – ဒေါ်မေသူအောင်**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက် (တောင်ပိုင်း)၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၃၂၀/က)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ဒုတိယထပ်၊ (၃လွှာ)၊ တိုက်ရှေ့မျက်နှာမူလျှင် (ဝဲဘက်ခန်း) အကျယ်အဝန်း(၁၂ပေခွဲx၅၄ပေ)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးတို့အား လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသူ ဒေါ်စောမြိုင် [၁၂/သဃက(နိုင်)၀၆၈၅၀၇]မှ ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမျိုးစိုး [၁၂/သဃက(နိုင်)၁၄၇၃၉၂]က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် တိုက်ခန်းရောင်းဖိုးငွေများထဲမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မျိုးမျိုးစိုး[၁၂/သဃက(နိုင်)၁၄၇၃၉၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်မြတ်ခိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၉၉၁)**
**အမှတ်(၄)၊ အောင်ဇေယျ(၇)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၈၉၈၇၇၅၆၊ ၀၉–၂၅၅၇၃၀၉၀၂**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့၊ မြေစည်ပင်ခလက်ခံပြေစာ၊ စာအုပ်အမှတ်(၀၄၅)၊ ပြေစာအမှတ်(၄၄၀၁)၊ ဒေါ်ယဉ်ယဉ်နု(HGU–၀၀၀၇၃၆) အမည်ဖြင့် အိမ်ရာကွက်ချထားပေးသည့် လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ မြေကွက်ကြီး အမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၁၄၃၁)၊ ဧရိယာ(၄၀x၆၀)ပေရှိသည့် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းထွန်းနိုင်ထံမှ (၃–၄–၂၀၂၂)ရက်နေ့တွင် **"နှစ်ဦးသဘောတူ ခြံမြေအရောင်း အဝယ်ကတိစာချုပ်"**ဖြင့် ဦးချမ်းအေးငြိမ်း [၁၂/လကန(နိုင်)၁၉၅၆၁၈]က အထက်ပါ အိမ်ခြံမြေကွက်အား အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချမ်းအေးငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၈၄၀၁)**
**အမှတ်(၁၀၅)၊ ရန်ကင်းဘုရားလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်။ ဖုန်း–၀၉–၄၅၁၁၂၈၇၇၆**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရွှေမိုက်ချွတ်လုပ်ငန်းကို အိတ်ဖွင့်တင်ဒါခေါ်ယူ ပြုလုပ်မည်ဖြစ်ပါသည်။
၂။ လုပ်ငန်းလုပ်ကိုင်လိုသူများ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၃။ လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ထံမှ ရယူနိုင်ပါသည်။

(၁) **တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက်** – ၆–၄–၂၀၂၅
(၂) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** – ၁၆–၄–၂၀၂၅ (၁၆:၀၀)နာရီ

**ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး**
**ဖုန်း– ၀၉–၇၇၁၆၃၆၈၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)၊ မြေကွက်အမှတ်(S–244)၊ အကျယ်အဝန်း (၁၀၀ပေx ၁၀၀ပေ)၊ ဧရိယာ(၀.၂၂၉)ဧက၊ မြေအမျိုးအစား– အငှားမြေ မြေကွက်နှင့် ပေပိုမြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်သက်သက်အောင် [၉/မနမ(နိုင်)၀၀၂၃၂၅]**က ၎င်းတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်မြသက်ခိုင် [၉/ဇယသ(နိုင်)၀၀၄၃၆၃]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်မင်းသူန္တီဖြိုး(စဉ်–၁၂၈၄၆)** | **ဒေါ်စုစုမွန်(စဉ်–၁၃၄၉၆)** |
| **[တရားလွှတ်တော်ရှေ့နေ]** | **[တရားလွှတ်တော်ရှေ့နေ]** |
| **[LL.B,D.I.P.L, DL–101WIPO(Switzerland)]** | **[LL.B,D.B.L,D.I.L,D.I.P.L, DL–101WIPO(Switzerland)]** |

**ဖုန်း – ၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၈၁၅၃၅၈၂၄၊ ၀၉–၅၀၄၉၁၇၄**
**အမှတ်– ၃၀၂(၁၂+၁)၊ Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ပြင်ဆင်ဖတ်ရှုပါရန်

၅–၄–၂၀၂၅ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၅)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်အိဖြူလွင်၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာတွင် ရောင်းချသူ ဒေါ်အိအိမော် [၉/သေရ(နိုင်)၀၀၉၃၅၉] အစား ဦးပိုက်တင် [၁၂/ဥကမ(နိုင်)၁၁၉၆၃၉]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ညောင်ပင်လမ်း၊ အမှတ်(၂၅၀/ခ)နေ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးမြင့်သောင်း [၁၂/မရက (နိုင်)၁၁၀၂၅၆] နှင့် ဒေါ်မြင့်မြင့်ဌေး [၁၂/မရက(နိုင်)၀၁၀၄၅၉] တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြရာ သားဖြစ်သူ မောင်ဟိန်းပြည့်ဖြိုး [၁၂/မရက(နိုင်)၁၅၄၆၂၆]အား မွေးဖွားခဲ့ပါသည်။ ယခုအခါ သားဖြစ်သူ မောင်ဟိန်းပြည့်ဖြိုးသည် မိဘ(၂)ပါး၏ ဆုံးမသွန်သင်မှုကို လိုက်နာခြင်းမပြုဘဲ၊ အမြဲစိတ်ဆင်းရဲအောင်ပြုမူနေပါ၍ မိဘ(၂)ပါးဖြစ်သော ကျွန်ုပ်မိတ်ဆွေများမှ သည်းမခံနိုင်တော့သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးထွန်းမင်းသိန်း ( LL.B, D.B.L)** | **ဒေါ်မြသီတာဦး( LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၇၈၃)** | **အထက်တန်းရှေ့နေ(စဉ်– ၅၅၈၇၁)** |

**အမှတ်–(၁၇/၂၁)၊ မြေညီထပ်(ယာ)၊ ၃၅လမ်း(အောက်)၊ SHAMA HOUSE ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ph : 09–451753945, 09–674790244**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ မြေကွက်အမှတ်–၁၀၈၁၊ ဧရိယာ–(၀.၀၆၁)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်– (၁၀၈၁)၊ ပိတောက်မြိုင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်မွှေးမွှေး [၁၂/ဗဟန(နိုင်)၀၅၅၇၃၅]၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသည့်ပစ္စည်းအား တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူဒေါ်မွှေးမွှေးသည် ၎င်း၏ကိုယ်စား ကိစ္စအဝဝ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်–(၁၉၃၆၆/၂၀၂၃) ဖြင့် (၁)ဦးအောင်ခိုင်သိမ်း (ဘ) ဦးဝင်းအောင် [၁၂/တမန(နိုင်)၀၆၈၃၄၈]နှင့် (၂)ဦးဥက္ကာဦးသာ (ဘ)ဦးဦးသာ [၁၂/မရက(နိုင်)၀၃၃၂၂၁] တို့အား အထူးကိုယ်စားလှယ်လွှဲအပ်ထားပါသည်။ ထို့ကြောင့် အထက်တွင် ဖော်ပြထားသော ပစ္စည်းအား ဒေါ်မွှေးမွှေးထံမှ အထူးကိုယ်စားလှယ် ရရှိထားသော (၁)ဦးအောင်ခိုင်သိမ်း နှင့် (၂)ဦးဥက္ကာဦးသာတို့မှ ဒေါ်မွှေးမွှေးကိုယ်စားရောင်းချခြင်းဖြစ်ပါသည်။ ထိုသို့ မိမိတို့ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား စာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုနန္ဒာထွန်း အထက်တန်းရှေ့နေ (စဉ်–၅၃၇၃၇)**
**အမှတ်–၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၀၅၁၁၃**




ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဃ) ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ် (၂၆) နေ ဦးမျိုးမြတ်သန်းထွန်း (၁၁/စတန (နိုင်) ၁၀၇၁၁၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ သာယာအေးလမ်း၊ အမှတ် (၉၅) (၃) လွှာနေ ဦးခိုင်ရဲထွန်း (ဘ) ဦးစင်မောင်ကြည်နှင့်ဇနီး ဒေါ်ဖြိုးဖြိုးဝေ (ဘ) ဦးဘသန်းထွန်းတို့ သိစေအပ်သည်မှာ –

ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးမျိုးမြတ်သန်းထွန်းနှင့် ဦးခိုင်ရဲထွန်း၊ ဒေါ်ဖြိုးဖြိုးဝေ** တို့သည် လွန်ခဲ့သော (၅) နှစ်ခန့်က ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ခင်မင်ရင်းနှီးခဲ့သူများဖြစ်ကြပါသည်။ ဦးခိုင်ရဲထွန်းသည် ကုန်စည်များကို ရန်ကုန်မှ ရခိုင်ပြည်နယ်ဘက်သို့ ပို့ဆောင်သည့် ကုန်ပို့ကိုယ်စားလှယ်လုပ်ငန်း လုပ်ကိုင်လျက်ရှိကြောင်း၊ ရခိုင်ဘက်သို့ ကုန်ပို့ဆောင်လိုသူများ ဆက်သွယ်နိုင်ကြောင်း online မှာ တင်ထားသည်ကိုတွေ့၍ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဦးခိုင်ရဲထွန်းနှင့် တယ်လီဖုန်းဆက်သွယ်ပြီး ရခိုင်ပြည်နယ်-ကျောက်ဖြူမြို့သို့ပို့ဆောင်ရန် ကုန်ခြောက်တစ်ပိဿာလျှင် (၁၄၀၀ဝိ/-) ကျပ်နှုန်းတန်ဆာခပေး၍ ကုန်စည်များအကြိမ်ကြိမ်အပ်နှံခဲ့ပါကြောင်း၊ ကုန်စည်များကို ဦးခိုင်ရဲထွန်းနှင့်ဇနီး ဒေါ်ဖြိုးဖြိုးဝေတို့က စာရင်းမှတ်လက်ခံပြီး တန်ဆာခများ လက်ခံရယူကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

အပ်ထားသောကုန်စည်များကို ကတိပြုထားသည့်ရက်ကာလအတွင်း ပို့ဆောင်ပေးခြင်းမရှိ၍ ကျွန်ုပ်တို့၏မိတ်ဆွေမှ မေးမြန်းစုံစမ်းသည့်အခါ ဦးခိုင်ရဲထွန်းတို့ ငှားရမ်းထားသည့် ကုန်သင်္ဘောအရေးယူခံရသဖြင့် ကျွန်ုပ်တို့မိတ်ဆွေ အပ်နှံထားသောကုန်စည်များကို သင်္ဘောမတင်ဖြစ်ဘဲ ဆိပ်ကမ်းဂိုဒေါင်တွင်ရှိနေကြောင်း၊ မိမိအစီအစဉ်ဖြင့် ပြန်ထုတ်ယူနိုင်ကြောင်းပြော၍ ဦးမျိုးမြတ်သန်းထွန်းသည် ကားခ၊ အလုပ်သမားခများ အကုန်အကျခံပြီး ပြန်ယူခဲ့ရပါသည်။ အပ်ထားသော ကုန်စည်များကို ပို့ဆောင်ပေးခြင်းမရှိ၍ ပေးထားသောကုန်စည်ပို့ဆောင် တန်ဆာခများကို ပြန်ပေးရန် တောင်းဆိုရာ ဦးခိုင်ရဲထွန်းနှင့်ဇနီးတို့က ပြန်မပေးနိုင်ဟုပြောကြောင်း သိရှိရပါသည်။

ကုန်ပို့ဆောင်သူသည် လက်ခံထားသောကုန်စည်များကို မိမိကတိပြုထားသည့်အတိုင်း ပို့ဆောင်မပေးနိုင်လျှင် ရယူထားသောတန်ဆာခကို ငွေပေးချေသူထံပြန်ပေးရန် တာဝန်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ပေးခဲ့ရသော ကုန်တင်ဆောင်ခ (တန်ဆာခ) ငွေ (၃၉၆၁၉၀၀ဝိ/-) ကို ဤသတင်းစာကြော်ငြာပါရှိပြီး ရက်သတ္တပတ်အတွင်း တစ်လုံးတစ်ခဲတည်းပြန်ပေးရန် တောင်းဆိုလိုက်ပါသည်။ ပျက်ကွက်ပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဘိုမင်းဖြူ၊ LL.B *(Advocate)*** | **ဦးခင်နု၊ LL.B *(Advocate)*** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၅၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၆၂)** |

အမှတ် (၈၃)၊ ဒုတိယထပ်၊ အခန်း- ၁၄ (ဒီ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၂၁၄၀၂၄၊ ၀၉ ၇၈၂၅၆၉၀၀၅

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၃)လမ်း၊ အမှတ်(၆၂) ဒေါ်မျိုးကြည်ကြည်လွင်၊ ဒေါ်ခင်မျိုးသွယ် ပူးတွဲအမည်ပေါက် ဂရန်မြေကွက်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊(၆)ထပ်တိုက်မှ စတုတ္ထထပ်၊ (၅)လွှာ ကြိုပို့င့်တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ ကြိုပို့င့်တိုက်ခန်းနှင့် တွယ်ဆက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင် ဝယ်ယူပိုင်ဆိုင်၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ မြေရှင် ဒေါ်မျိုးကြည်ကြည်လွင် [၁၂/ဥကမ(နိုင်)၁၉၄၃၃၀]ထံမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းနိုင်အုန်းက စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဝင်အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၉၅၁)**
**ရုံးခန်း–အမှတ်(၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၄၂၁၁၀၂၅၆၄**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးခင်မောင်ဝင်း၏ သမီး ကျွန်မ မျိုးသီရိခင် [၇/တငန(နိုင်)၁၉၂၅၇၉]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၇၄၀၀၅၃၆**

# တောတောင်

# ပျက်ပြုန်း

# မြေဆီ

# သုဉ်း၏

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပသီအုပ်စု၊ ကျွဲလမ်းကျေးရွာ၊ ကွင်းအမှတ်(၄၈)၊ ကွင်းအမည် ပသီမြောက်၊ ဦးပိုင်အမှတ်(N–၃၁)ဟုခေါ်တွင်သော ဒေါ်အေးအေးသန်း အမည်ပေါက် ငါးမွေးကန်ဧရိယာ (၁၉.၅၀)ဧက၊ စုစုပေါင်း ငါးမွေးမြူရေးကန် ဧရိယာ (၃၀) ဧကနှင့် ၎င်းငါးကန်မြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခင်မူလပိုင်ရှင် ဒေါ်အေးသန်း [၁၂/အလန(နိုင်)၀၂၁၄၇၆] ထံမှ ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ယခု ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဒေါ်ကျင်တီ [၁၂/တတန(နိုင်)၁၀၈၅၈၀]၊ ဒေါ်စန်းနွဲ့ [၁၂/တတန(နိုင်)၁၀၈၅၁၃] (ကွယ်လွန်)၊ ဒေါ်လှထွေး [၁၂/တတန(နိုင်)၀၁၈၆၀၂]တို့က အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်လက်ရှိထား စီမံခန့်ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ယခုရောင်းချသော ငါးကန်မြေအား ၎င်းတို့(၃) ဦးတည်းသာ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး အထက်ပါ ငါးကန်မြေအား ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် ငါးကန်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ငါးကန်မြေ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ကြားချက်အရ**
**ဒေါ်နွေးနွေးစုဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၃၈၄)**
**ဖုန်း– ၀၉–၆၉၂၂၆၅၇၉၆၊ ၀၉–၄၂၀၁၃၀၀၆၁**
**ရေကျော်လေးကျေးရွာ၊ အဒွန်းအုပ်စု၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့။**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ပုံနှိပ်စက္ကူ၊ နိုင်ငံခြား/ပြည်တွင်းစက္ကူ၊ စာရေးကိရိယာ၊ လုပ်ငန်းသုံးနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား ပြည်တွင်းသုံးကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

**(က) ပုံနှိပ်စက္ကူ Lot(1)**

| | |
|---|---|
| Indonesia IK အမျိုးအစား ပုံနှိပ်စက်သုံးစက္ကူ (၂၇"x ၃၄" Size)(70) gsm ရွက်ရေ (၅၀၀)ပါ | **(၂၀၂၅) ထုပ်** |
| Indonesia IK အမျိုးအစား ပုံနှိပ်စက်သုံးစက္ကူ (၃၁"x၄၃"Size) (120) gsm ရွက်ရေ (၂၅၀)ပါ | (၂၀) ထုပ် |

**(ခ) ရုံးသုံးနိုင်ငံခြား/ပြည်တွင်းစက္ကူ Lot(2)**

| | | |
|---|---|---|
| (၁) | နိုင်ငံခြားစက္ကူ Paper One အမျိုးအစား (A4) 70 gsm | (၄၀၀၀) ထုပ် |
| (၂) | နိုင်ငံခြားစက္ကူ Paper One အမျိုးအစား (legal) 70 gsm | (၁၂၅) ထုပ် |
| (၃) | နိုင်ငံခြားစက္ကူ Paper One အမျိုးအစား (A3) 70 gsm | (၃၇) ထုပ် |
| (၄) | နိုင်ငံခြားစက္ကူ Paper One အမျိုးအစား (A3) 80 gsm | (၅) ထုပ် |
| (၅) | နိုင်ငံခြားစက္ကူ Paper One အမျိုးအစား (A5) 70 gsm | (၁၇၀) ထုပ် |
| (၆) | နိုင်ငံခြားစက္ကူ Paper One အမျိုးအစား (A4) 80 gsm | (၄၁၅) ထုပ် |
| (၇) | နိုင်ငံခြားစက္ကူ Paper One အမျိုးအစား (Legal) 80 gsm | (၃၅) ထုပ် |
| (၈) | ပြည်တွင်းစက္ကူ Best Paper အမျိုးအစား (A4) 80 gsm | (၂၀) ထုပ် |

**(ဂ) စာရေးကိရိယာပစ္စည်း Lot(3) — (၇၇) မျိုး**

**(ဃ) ကွန်ပျူတာဆက်စပ်ပစ္စည်း Lot(4) — (၃၅) မျိုး**

၂။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၁၊ နေပြည်တော်တွင် (၁၁–၄–၂၀၂၅) ရက်နေ့မှစ၍ တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပြီး (၅–၅–၂၀၂၅) ရက်နေ့ ညနေ ၁၆:၀၀ နာရီအချိန်တွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့်ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်–

**တင်ဒါခေါ်ယူရေးနှင့် စိစစ်လက်ခံရေးကော်မတီ**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (ရုံးချုပ်)**
**ရုံးအမှတ်(၄၁)၊ နေပြည်တော်**
**ဖုန်း–067–3408745**

## "Passport ပျောက်ဆုံးကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျောင်းကုန်းဆိပ်ကြီးကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေ မအိမွန်မြင့် (ဘ) ဦးဇော်ဝင်း [၁၂/သလန(နိုင်)၁၈၁၀၄၅] ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ်– MJ 518251 မှာ ပျောက်ဆုံးသွားသည့်အတွက် တွေ့ရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးသိင်္ဂီမင်း (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်– ၅၆၅၆၄)**
**Ph:09–677210861**

## သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၂)လမ်း၊ အမှတ်(၄၁၇) နေ ဦးစိုးမင်းအောင်[၁၂/မရက(နိုင်)၀၀၀၅၃၀]နှင့် ဒေါ်နွဲ့နွဲ့ရီ[၁၂/ဥကမ(နိုင်)၁၇၁၄၆၄]တို့၏ သမီးဖြစ်သူ မရည်ရွှယ်ကျော် [၁၂/ဥကမ(နိုင်)၂၃၁၃၇၃]သည် မိဘနှစ်ပါးတို့မှ အကြိမ်ကြိမ် ဆိုဆုံးမသည်ကို နာခံခြင်းမရှိပါသဖြင့် ဖခင်နှင့်မိခင်တို့မှာ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းတို့ကိုကြီးစွာခံစားနေရပါသည်။ သို့ဖြစ်ပါ၍ သမီးဖြစ်သူ– မရည်ရွှယ်ကျော်အား အပြီးတိုင်စွန့်လွှတ်ပါကြောင်းနှင့် သမီးဖြစ်သူနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝတို့ကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် နောက်နောင် မည်သို့မျှ သက်ဆိုင်ခြင်း(လုံးဝ)မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမင်းအောင်+ဒေါ်နွဲ့နွဲ့ရီ တို့၏ညွှန်ကြားချက်များအရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅)၊(၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၄၀၇၂၂၉**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ထူပါရုံ(၁၇)လမ်း အနောက်၊ အမှတ်(၇၇၄/က)ပေါ်တွင် ဆောက်လုပ်ထားသော စတုတ္ထထပ်၊ ၅လွှာဟုခေါ်တွင်သော (ပေ ၁၈ x ပေ ၅၄) အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေသည် ဦးမင်းကိုဦး [၁၄/ဘကလ(နိုင်)၂၉၁၀၉၃] ပိုင်ဆိုင်ထားသည့် အထက်ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံ အထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသောရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမိုးသက်တင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၁၂၇)**
**အမှတ်(၉၀)၊ မင်္ဂလာသီရိလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၀၂၅၅၉၅၃**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၁) မြောက်ဒဂုံ၊ (၄၉) ရပ်ကွက်၊ (Dagon Villa) နှင်းဆီလမ်း၊ တိုက်သစ်၊ 2RC၊ Master (၃)ခန်း၊ Single (၂)ခန်း၊ ကျွန်းပါကေး၊ Kitchen Cabinet Counter Inverter A/C (၄)လုံး၊ ခြံအကျယ် (30x90)ပေ၊ အိမ်အကျယ် (24x55)ပေ ဂရန်ခွဲစိတ်ပြီး သိန်း ၈၉၀၀ (ညှိနှိုင်း)

(၂) မရမ်းကုန်း၊ မစိုးရိမ်ကျောင်းလမ်း၊ ခြံအကျယ် (၄၀x၆၀) ပေ၊ ရေ၊ မီး ဘိုးဘွားပိုင်မြေ သိန်း ၈၅၀၀ (ညှိနှိုင်း)

**ဆက်သွယ်ရန် Ph: 09–420093994, 09–400444399**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းငွေးကြွယ်(က)ရပ်ကွက်၊ သူငွေးလမ်း၊ အမှတ်(၉)၊ (၅လွှာ၊ ခြေရင်းခန်း)ဟုသည့်တိုက်ခန်းသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်မြသက်မူ(ဘ)ဦးကျော်ဟန်[၁၂/တမန(နိုင်)၀၁၁၂၄၂] ပိုင်ဆိုင်၍ မူရင်းစာမှတ်စာတမ်းများသည် ကျွန်ုပ်မိတ်ဆွေလက်ဝယ်၌ရှိပြီး လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းများမရှိပါသဖြင့် ကျွန်ုပ်မိတ်ဆွေသိရှိသဘောတူညီခြင်းမရှိဘဲ အထက်ဖော်ပြပါ ကိစ္စရပ်များကို ပြုလုပ်ခြင်းမပြုရန်နှင့် ပြုလုပ်သူမည်သူ့ကိုမဆို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်လဲ့မိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၃/၃၁–၁၀–၂၀၂၃)**
**အမှတ်(၈၂၀)၊ အေးသစ္စာရပ်ကွက်၊ အောင်ချမ်းသာ၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၂၀၇၃၂၇၆၂၊ ၀၉–၆၇၃၁၃၂၃၂၄**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့၊ မြေစည်ပင်ခလက်ခံပြေစာ၊ စာအုပ်အမှတ်(၀၄၃)၊ ပြေစာအမှတ်(၄၂၀၃)၊ ဦးရဲအောင်(MGDN–၀၁၁၄၁၃)အမည်ဖြင့် အိမ်ရာကွက်ချထားပေးသည့် လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၁၄၄၆)၊ ဧရိယာ(၄၀x၆၀) ပေရှိသည့် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်မင်းထွန်း [၁၂/အစန(နိုင်)၀၃၁၁၃၉] ထံမှ (၂၀–၇–၂၀၂၃)ရက်နေ့တွင် "**နှစ်ဦးသဘောတူခြံမြေအရောင်းအဝယ်ကတိစာချုပ်**"ဖြင့် ဦးချမ်းအေးငြိမ်း[၁၂/လကန(နိုင်)၁၉၅၆၁၈]က အထက်ပါအိမ်ခြံမြေကွက်အား အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချမ်းအေးငြိမ်း ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၄၀၁)**
**အမှတ်(၁၀၅)၊ ရန်ကင်းဘုရားလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်။ ဖုန်း–၀၉–၄၅၁၁၂၈၇၇၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေကွက်အမှတ်–၁၁၀၊ မြေကွက်အမှတ်–V.၄၇၀၊ ဧရိယာ(၂၄၆၁)စတုရန်းပေ၊ အမှတ်(၆၀/၆၂/၆၄)၊ ဗိုလ်မင်းရောင်လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးမောင်ညို(CG–၀၄၇၁၇၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်(သက်ကုန်)မြေအား အမည်ပေါက်ဦးမောင်ညို (ခင်ပွန်း/ဖခင်)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ဆတ်ဖီယာဘီ[၁၂/မဂတ (နိုင်)၀၆၆၃၇၉]နှင့် သားသမီးများဖြစ်ကြသော ဦးမြင့်သန်း[၁၂/မဂတ(နိုင်)၀၆၆၈၁၀]၊ ဒေါ်နီနီမာ[၁၂/မဂတ(နိုင်)၀၁၀၀၉၉]၊ ဦးစိုးနိုင်[၁၂/မဂတ(နိုင်)၀၀၈၄၃၄]၊ ဒေါ်ရီရီဝင်း[၁၂/မဂတ(နိုင်)၀၆၈၂၄၈]၊ ဒေါ်နီနီထွေး[၁၂/မဂတ(နိုင်)၀၇၉၅၁၀]တို့မှ ကွယ်လွန်သူဖြစ်ခင်ပွန်း/ဖခင် ဖြစ်သူ ဦးမောင်ညိုတွင် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ဆတ်ဖီယာဘီ တစ်ဦးတည်းကျန်ရှိခဲ့ပါကြောင်း၊ အခြားသော ဇနီး/ မိန်းမတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဖခင်နှင့်မိခင်တို့တွင် သားသမီးအရင်းများဖြစ်ကြသော ဦးမြင့်သန်း၊ ဒေါ်နီနီမာ၊ ဦးစိုးနိုင်၊ ဒေါ်ရီရီဝင်းနှင့် ဒေါ်နီနီထွေးတို့မောင်နှမ (၅)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း၊ အခြားသော သားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကွယ်လွန်သူ ခင်ပွန်း/ဖခင်ဖြစ်သူသည် အစ္စလာမ်ဘာသာကိုးကွယ်သူဖြစ်သော်လည်း မကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်းမရှိပါကြောင်း၊ မိမိတို့မိသားစုသည် အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ ခင်ပွန်း/ဖခင်ဖြစ်သူ ဦးမောင်ညို ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ မိမိတို့(၆)ဦးကသာလျှင် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် (၂၆–၁၂–၂၀၂၄)ရက်စွဲပါ တရားရုံးကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးမောင်ညို ၏ သေဆုံးမှုလက်မှတ်တို့နှင့်အတူ မြေစာရင်းမှတ်ချက်(၁)ရှိ ၁၉၉၁–ခုနှစ်တွင် ဦးမောင်ညိုမှ မြေပုံကူး လျှောက်ထားခဲ့ခြင်းနှင့်စပ်လျဉ်း၍ ခင်ပွန်း/ဖခင်ဖြစ်သူ ဦးမောင်ညိုသည် ၁၉၉၃–ခုနှစ်တွင် အိမ်ဆောက်ရန်မြေပုံကူးအား လျှောက်ထားခဲ့ခြင်းဖြစ်ပြီး၊ ၎င်းမြေပုံမှာ အထားအသိုများယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါမြေကွက်တွင် မိမိတို့မှ လက်ရောက်ပိုင်ဆိုင်နေထိုင်ပါကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိတို့ကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ (၁၁–၃–၂၀၂၅)ရက်စွဲပါ ဝန်ခံကတိပြုရှင်းလင်းတင်ပြစာတို့အား တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ ကျွန်းရွှေမြိုင်လမ်း၊ မြေကွက်အမှတ်–၇၉၄၊ အကျယ်အဝန်း(၄၅' .၆" x ၆၀' )ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစိုးဝင်း [၁၂/အစန(နိုင်)၀၁၉၆၁၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ခင်လှမိုး[၁၀/ရမန(နိုင်) ၀၀၀၂၁၄]နှင့် ဒေါ်အေးပြည့်သူ [၁၀/ရမန(နိုင်)၂၄၈၄၁၇] တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲစုထွေး ( LL.B,D.B.L,D.M.L,D.I.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၁၇၃)**
**အမှတ်– ၃၄/၄၉၊ အခန်း(၁၄)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၁၀၂၀၄၁၅၊ ၀၉–၆၇၂၄၄၄၆၅၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မေယု(၁)လမ်း၊ မြေကွက်အမှတ်–၃၂၃၊ မြေအကျယ်(၄၀'x၆၀')ရှိသော ဦးတင်ရွှေ အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော ထိုမြေကွက်ကြီး၏ (လမ်းမဘက်မှ ကြည့်လျှင်ညာဘက်ခြမ်း) (ပါမစ်မူရင်းခြမ်း)၊ မြေအကျယ်(၂၀'x၆၀')ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူအောင်[၁၂/ဥကတ(နိုင်)၀၂၄၄၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စောခင်မြ [၁၁/ပတန(နိုင်)၀၄၅၅၄၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်စောခင်မြ | ဒေါ်ခင်ရွှေဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၉၉) |
| [၁၁/ပတန(နိုင်)၀၄၅၅၄၇] | အမှတ်(၉/၁၁)၊ အခန်း(၂၀၂/E)၊ ဒုတိယထပ်၊ ၃၆–လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၂၂၃၂၅၊ ၀၉–၇၉၈၁၆၅၁၁၂ |

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မေယု(၂)လမ်း၊ မြေကွက်အမှတ်–၃၄၉၊ မြေအကျယ်(၄၃'x၆၀')ရှိသော ဒေါ်ရင်ရင်သန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော ထိုမြေကွက်ကြီး၏ (လမ်းမဘက်မှကြည့်လျှင်ဘယ်ဘက်ခြမ်း) (ဂရန်မိတ္တူခြမ်း)၊ မြေအကျယ် (၂၀' x ၆၀') အား လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သက်ချို [၁၁/ရဗန(နိုင်)၀၆၄၈၄၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြမောင်သန်း [၁၁/ပတန(နိုင်)၀၄၅၅၄၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးမြမောင်သန်း | ဒေါ်ခင်ရွှေဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၉၉) |
| [၁၁/ပတန(နိုင်)၀၄၅၅၄၈] | အမှတ်(၉/၁၁)၊ အခန်း(၂၀၂/E)၊ ဒုတိယထပ်၊ ၃၆–လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၂၂၃၂၅၊ ၀၉–၇၉၈၁၆၅၁၁၂ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်တိုင်း၊သန်လျင်မြို့နယ်၊ကြယ်စင်ရိပ်မွန် အိမ်ယာ၊သံလွင်ရိပ်မွန်၊တိုက်အမှတ်(4)၊A4 အခန်းအမှတ်(422-B)၊ရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့်တကွအကျိုးခံစားခွင့်များအား တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါက်တာဦးထက်လင်း(၁၂/ဒဂမ(နိုင်)၀၁၆၂၅၂)၊ဒေါ်စိုးစိုး(၁၂/အလန(နိုင်)၀၀၇၉၀၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်ထွန်း(၁၂/သခန(နိုင်)၀၈၀၁၉၀)၊ဒေါ်ခင်ဆွေဝင်း(၁၂/သခန(နိုင်)၀၈၀၀၆၄)က ဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်နိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၃၆)**
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ဗိုလ်ချုပ် (၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဗညားဒလ)၊ မြေကွက်အမှတ်(၁၃၄၃)၊ အကျယ်(၄၀x၆၀)ပေရှိ ဦးအေးသိန်းနှင့် ဒေါ်တင်မေညွန့်တို့ အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှသိန်း(ခ)ခေးစွမ်(ခ)အေးသိန်း [၁၂/ ဗတထ (နိုင်)၀၂၄၇၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**"တရားလွှတ်တော်ရှေ့နေ"**
**ဦးအောင်နိုင်ထူး စဉ်(၁၃၅၇၅)**
**LL.B., WIPO (Switzerland)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**Ph:09–420088970**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေကွက်အမှတ် – ၅၀၄၊ မြေကွက်တည်နေရာအမှတ်– ၅၀၄/က၊ သဇင်လမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံတောင် ဒေါ်အုန်းကျင်[၁၂/မရက(နိုင်)၀၉၅၂၄၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်အုန်းကျင် မိခင်ဖြစ်သူသည် (၇–၁–၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးလှမြင့်သည် (၆–၁၁–၂၀၀၉)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်သန္တာမိုး[၁၂/ဒဂတ(နိုင်)၀၇၄၆၆၀]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူသမီးဖြစ်ကြောင်း၊ အခြားသော သားသမီးမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမ သားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ တစ်ဦးတည်းသော သမီး ဖြစ်သူမိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်–၁/၁၄၆၇/၂၀၂၅ (၂၇–၁–၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ မိခင်ဖခင် သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားဂရန် မူရင်းအား မိမိလက်ဝယ်တွင် သိမ်းဆည်းထားရာမှ နှစ်ပေါင်းများစွာ ကြာမြင့်သဖြင့် ခြကိုက်ပျက်စီးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါ ဂရန်မူရင်းခြကိုက်ပျက်စီးမှုနှင့်ပတ်သက်၍ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မိမိကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်–၁/၁၄၆၇/၂၀၂၅ (၂၇–၁–၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်သွပ်မိုးအိမ်တစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး၊ ဒေါ်သန္တာမိုးမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို . . .**

❖ **နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ထိုင်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြား

**နေပြည်တော် မေ ၅**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်လျင်နှင့် နောက်ဆက်တွဲငလျင်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသို့ အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လာရောက်လုပ်ဆောင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ပြီးမြောက်သဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ထိုင်းနိုင်ငံ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထိုင်းနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ဘိုင်ယန်မြူးနစ်အသင်း ဇယားထိပ်၌ ကိုးမှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်



အော့စ်ဘတ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အော့စ်ဘတ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ မေ ၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်မှာ အဝေးကွင်းကို လာရောက်ကစားခဲ့ရတဲ့ ဘိုင်ယန်မြူးနစ်အသင်းက အိမ်ရှင် အော့စ်ဘတ်အသင်းကို အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းက အော့စ်ဘတ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖

## ယနေ့ ဖတ်စရာ

**ရွှေသာလျောင်းတောင်ပေါ်၌ ကျောက်သေတ္တာအမည်ရှိ ကျောက်တုံးကြီး ပြုတ်ကျမည့်အခြေအနေ ဖြစ်ပေါ်လျက်ရှိသဖြင့် တောင်ခြေအနီး တစ်ဝိုက်ရှိ ပြည်သူများ ခေတ္တပြောင်းရွှေ့ထား** စာမျက်နှာ » ၁၂

**နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းမိသားစုများအတွက် အလှူရှင်များ၊ အနုပညာရှင်များနှင့် အသင်းအဖွဲ့များက ကူညီ ထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်း** စာမျက်နှာ » ၁၉

**မော်လမြိုင်-ရန်ကုန်သွား မီးရထားလမ်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး** စာမျက်နှာ » ၂၅